မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၃ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Yasuaki NOGAWA နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၄* ❐

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki NOGAWA တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရှေးဟောင်းသမိုင်းသုတ ခရီးသွားဆောင်းပါး

သမိုင်းတန်ဖိုးမြင့်မား ရှေးဟောင်းအမွေအနှစ် ဦးပိန်တံတား

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း
ကျော်မြင့်သန်း (လမ်းမတော်)

မန္တလေး စက်တင်ဘာ ၂

တောင်သမန်အင်းကို ဖြတ်သန်းတိုက်ခတ်လာသော လေနအေး····။ လေတိုက်ခတ်မှုကြောင့် တဖျပ်ဖျပ် လူးလွန့်ထွက်ပေါ်လာသည့် လှိုင်းကြက်ခွပ်လေးများ၊ စိမ်းညို့နေသော တောင်သမန်ဝန်းကျင်၏ သမိုင်းစာမျက်နှာ၌ တစ်ပိုင်းတစ်စပါဝင်ခဲ့သော ဦးပိန်တံတား၊ ဤမြင်ကွင်းအလှများ၏ ဖမ်းစားခြင်းခံနေရသော ကမ္ဘာလှည့်ခရီးသွားများ····။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

တောင်သမန်အင်းထဲက လှေငယ်ရှင်နှင့် အင်းကိုဖြတ်သန်းဆောက်လုပ်ထားသော ဦးပိန်တံတားတို့၏ မြင်ကွင်းပသာဒ····။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၃ ရက်)

အမျိုးသားရေးစိတ်ဓာတ်ကိုအရင်းခံ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် လက်တွဲဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၃၁ရက်နေ့က ကျင်းပခဲ့သည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပါဝင်ကူညီထောက်ပံ့လှူဒါန်းခဲ့ကြသူများအား နိုင်ငံတော်အစိုးရက ချီးကျူးဂုဏ်ပြုခြင်းပင် ဖြစ်သည်။

မပြည့်စုံသူများကို လှူဒါန်းထောက်ပံ့ကူညီခြင်းသည် အမြော်အမြင်ရှိသောပညာရှင်၊ အများကောင်းကျိုးလိုလားသော မေတ္တာရှင်၊ သနားကြင်နာတတ်သော ကရုဏာရှင်တို့၏ မြင့်မြတ်သော ကျင့်စဉ်တစ်ခုဖြစ်၏။ ဝတ္ထု၊ ပစ္စည်းထောက်ပံ့ကူညီသူများကို မည်သည့် အလှူခံ၊ မည်သည့် အထောက်အပံ့ပုဂ္ဂိုလ်မဆို ချစ်ခင်နှစ်သက်သည်သာဖြစ်၏။

ယနေ့မျက်မှောက် ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ သဘာဝဘေးအန္တရာယ်များ အမျိုးမျိုးအဖုံဖုံ ကျရောက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့ခဲ့ရာ ၂၀၀၈ခုနှစ် မေလဆန်းတွင် အကြီးမားဆုံး သဘာဝဘေးဖြစ်သည့် နာဂစ်မုန်တိုင်းတိုက်ခတ်မှုကို ကြုံတွေ့ခဲ့ရသည်။ မုန်တိုင်းဒဏ်ကြောင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု တန်ဖိုးပမာဏသည် စုစုပေါင်း ၁၁ ဒသမ ၇ ထရီလီယံရှိခဲ့သည်။

နိုင်ငံတော်အစိုးရသည် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပထမအဆင့် အရေးပေါ်ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး၊ ဒုတိယအဆင့် ပြန်လည်ထူထောင်ရေး၊ တတိယအဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ်ကာကွယ်ရေးတို့ကို စနစ်တကျဆောင်ရွက်ခဲ့သဖြင့် မုန်တိုင်းသင့်ပြည်သူများ ပြန်လည်နေရာချရေးတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် အိုးအိမ်များ တည်ဆောက်ပေးနိုင်ခဲ့သည်။

ရေရှည်သဘာဝဘေးကာကွယ်ရေးအတွက်သာမက ကုန်ထုတ်လမ်းမကြီးများအဖြစ်ပါ အသုံးပြုနိုင်ရေးအတွက် လမ်းမကြီး ၁၁လမ်းပါဝင်သည့် လမ်းကွန်ရက်များကို ဖော်ဆောင်ပေးခဲ့သည့်အပြင် သက်ကယ်ကုန်းများ၊ ဆိုင်ကလုန်းရက်တာများကိုလည်း တည်ဆောက်ပေးထားသည်။

ရာသီဥတုအခက်အခဲ၊ သွားလာဖို့အခက်အခဲ၊ ယာဉ်အခက်အခဲစသည့် အခက်အခဲ အမျိုးမျိုးကြားမှ ပင်ပင်ပန်းပန်း ကြိုးစား လုပ်ကိုင်ခဲ့ကြခြင်းသည် မုန်တိုင်းသင့်ပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်နှင့် အလှူရှင်တို့၏ စေတနာအရင်းခံပင်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်တွင် အရေးကြုံလာသည့်အခါ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် မြန်မာဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဆောင်ရွက်ပါက အခက်အခဲဟူသမျှကို မုချမသွေ ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ကောင်းကျိုးညွှန်ပြ ပဋ္ဌိစ္စသမုပ္ပာဒ်**
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ပင်လယ်လိပ်တို့၏ ရှင်သန်ရာဘဝခရီး** (အပိုင်း-၂)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၁၂)
၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်
၂၅။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ် **ရွှေရည်ဝင်းတဲ့ လင်းရောင်ခြည်**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဦးစိုးနိုင်အား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki NOGAWA သည် ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ဂျပန်နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

အင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Civil Engineering Technical Division က ကြီးမှူးကျင်းပသော RCC Dam Construction & Civil Engineering Techno Power အကြောင်း ဟောပြောပွဲကို စက်တင်ဘာ ၄ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအတွင်း ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

အဆိုပါ ဟောပြောပွဲတွင် ဦးအောင်ဆွေ [M.E (Civil Engineering), Tokyo University] က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း တာမွေမြို့နယ်၌ဖွင့်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက အထက(၃) တာမွေ အားမာန်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ တာမွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး လွှတ်တော်သုံးရပ်ဥပဒေ၊ နည်းဥပဒေများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်သိန်း**(အောက်ပုံ)**ကလည်းကောင်း၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲလုပ်ငန်း ညွှန်ကြားမှုများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်အေးကလည်းကောင်း၊ မဲရုံမှူးနှင့် ဒုတိယ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းညွှန်ကြားမှုများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးဝမ်းတင်နှင့် ဥပဒေအရာရှိ ဦးပန်းကြည်တို့ကလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် မဲရုံသရုပ်ပြ အစီအစဉ်ဖြင့် ရှင်းလင်းပြသသည်။

အခမ်းအနားသို့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးအင်အား ၄၃၈ဦး တက်ရောက်ကြကြောင်း သိရသည်။ **(၁၇၁)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မိုင်းကိုးကျေးရွာအုပ်စု မိုင်းဟိ-မယ်ဖုံးလုံ ကျေးလက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ဩဂုတ် ၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်း ရှင်းလင်းတင်ပြစဉ်။

(၀၁၆)

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၂ရက်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏(၆၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

	အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က)	ဦးရည်မွန်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁) စက်မှုဝန်ကြီးဌာန
(ခ)	ဦးတင်နိုင်ထွန်း	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန

❐ *ရှေ့ဖုံးမှ*

ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Yasuaki NOGAWA တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီးဦးစိုးသာနှင့် ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Yasuaki NOGAWA တို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘူမိနည်းပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်မည်

Ocean Gate Training Centre

ရန်ကုန် စက်တင်ဘာ ၂

Ocean Gate သင်တန်းကျောင်းက ပထဝီဝင် သတင်းအချက်အလက်နည်းပညာ GIS နှင့်ပတ်သက်၍ Basic Level နှင့် Intermediate Level သင်တန်းများကို ထပ်မံဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

ဖွင့်လှစ်ပို့ချ

GIS Application များနှင့် ဆက်စပ်ပြီး Google Earthကို Powerful Tool တစ်ခုအဖြစ် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် Basic Level အဖြစ် Google Earth and Geospatial Technology ကို သင်ကြားပေးမည် ဖြစ်သည်။ အဆိုပါသင်တန်းသည် Civil နှင့် Mining Engineer များ၊ Geology၊ Geography နှင့် Biology သမားများ အတွက် Google Foundation Course ဖြစ်သကဲ့သို့ NGOများ၊ ဈေးကွက်ရှာဖွေရေး၊ ကုန်ပစ္စည်းဖြန့်ဖြူးရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက်လည်း အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချပေးနေခြင်း ဖြစ်သည်။

သင်ကြားတတ်မြောက်ရန် လိုအပ်နေသော မည်သူမဆို Basic Level သင်ယူပြီးသည်နှင့် ဆက်လက်လေ့လာသင်ယူနိုင်စေရန်နှင့် ပြန်လည်အသုံးချနိုင်စေရန် အတွက် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။

သင်ကြားပေးမည့် အကြောင်းအရာများမှာ Introduction to GIS, Setting up a GIS Database, Spatial DataAnalysis,Data Interoperability in GIS နှင့် Data Presentation and Map Production တို့ဖြစ်သည်။

သတ်မှတ်ထား

ထို့အပြင် GIS Industry နယ်ပယ်တွင် Leading Software များဖြင့် သီအိုရီကို လက်တွေ့နှင့်ပေါင်းစပ်သင်ကြားပေးမည် ဖြစ်သောကြောင့် ထိရောက်မှုရှိစေရန် ဆရာ၊ ကျောင်းသားအချိုးကို ၁း၁၀သာ သတ်မှတ်ထားသည်။

သင်တန်းများကို စက်တင်ဘာလလယ်တွင် စတင်မည်ဖြစ်ပြီး Basic Level သည် သင်တန်းကာလ ရက်သတ္တနှစ်ပတ်နှင့် Intermediate Level သည် သင်တန်းကာလ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ ဆက်လက်၍လည်း Remote Sensing သင်တန်း၊ Project Oriented Geospatial Technology သင်တန်း၊ Geography၊ Geology၊ Business၊ Biology ဆိုင်ရာ နယ်ပယ်အသီးသီးအတွက်လည်း Geospatial Technology Advanced Courseများကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းရန်နှင့် သင်တန်းအပ်နှံရန်အတွက် Ocean Gate Training Centre အမှတ် ၃၅၅ အခန်း ၂၀၆ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၁၃၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အခြေခံအိမ်တွင်းမှုသင်တန်း မူဆယ်မြို့၌ ဖွင့်လှစ်

မူဆယ် စက်တင်ဘာ ၂

မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၇)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအခမ်းအနားတွင် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၁၂ဦး၊ အခြေခံအိမ်တွင်းမှု သင်တန်းသို့ သင်တန်းသူ ၂၈ဦး စုစုပေါင်းသင်တန်းသူ ၄၀ တက်ရောက်ကြသည်။ **(အိမ်တွင်းမှု)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ကြေးမုံရိပ်သွင်တေးနှယည်
၈း၀၀ ၇။ စေတနာထားကာ ကုသပေးပြည်သူများရဲ့ ကျန်းမာရေး
၈း၁၀ ၈။ မြူတိမ်ကင်းသောနေ့
၈း၂၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ အကပြိုင်ပွဲ
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅ ၄။ မြန်မာစာ မြန်မာစကား
၄း၄၅ ၅။ နှောင်းခေတ်တေးပဒေသာ
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ ရောင်စုံရေးသီ တေးပန်းချီ
၅း၄၀ ၉။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၃၁)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **သွေး** (အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
၁၈။ လျှပ်တစ်ပြက်ဟာသများ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၁၈)
၂၀။ **သီချင်းချစ်သူ** (ဝိုင်းစုခိုင်သိန်း)
၂၁။ အစီအစဉ်ပြီး၏။

မိုးရွာသွန်းလေသမျှ

၂-၉-၂၀၁၀

သထုံမြို့	၃ ဒသမ ၉၀လက်မ
ညောင်လေးပင်မြို့	၂ ဒသမ ၈၃လက်မ
မြင်းခြံမြို့	၁ ဒသမ ၈၆လက်မ
လှိုင်လင်မြို့	၁ ဒသမ ၅၁လက်မ
နောင်ချိုမြို့	၁ ဒသမ ၄၆လက်မ

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၃ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ် ၂၈ရက်က ကမ္ဘာ့သေနတ်ပစ်ဂုဏ်ထူးဆောင်ရွှေတံဆိပ်ဆုရှင် အာရှနှင့် အရှေ့တောင်အာရှ သေနတ်ပစ်ချန်ပီယံ ဗိုလ်မှူးကျော်ရှိန် (ငြိမ်း)အားရည်စူး၍ ဇနီး ဒေါ်ခင်ခင်ရီမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံ (ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းခွဲကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

အများနှင့်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်လျှင် ဒဏ်ရိုက်ခံရမည်

အေသင် စက်တင်ဘာ ၂

ဂရိနိုင်ငံတွင် အများပြည်သူများနှင့်ဆိုင်သော နေရာများ၌ ဆေးလိပ်မသောက်ရန်နှင့် ဆေးလိပ်ကြော်ငြာခြင်းမပြုရန် ဥပဒေတစ်ရပ် ထုတ်ပြန်လိုက်ကြောင်း စက်တင်ဘာ ၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အများဆုံးနိုင်ငံ

ဂရိအစိုးရက ပြည်သူများဆေးလိပ်သောက်သုံးမှု နည်းပါးရေးအတွက် ၎င်းဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဂရိနိုင်ငံသည် ဥရောပတွင် ဆေးလိပ်သောက်သုံးမှု အများဆုံးနိုင်ငံဖြစ်သည်။

ယင်းဥပဒေအရ ဆေးလိပ်သောက်သုံးသူများအနေဖြင့် ဥပဒေချိုးဖောက်ခဲ့လျှင် ဒဏ်ရိုက်ခံရနိုင်ပြီး စီးကရက်ထုတ်လုပ် ရောင်းချသူများမှာ ယူရိုငွေများစွာ ဒဏ်ရိုက်ခံရဖွယ်ရှိသည်။

(အင်တာနက်)

ဟာရာရီမော်တော်ကားများ မီးလောင်မှုဖြစ်ပွား၍ ကုမ္ပဏီမှပြန်သိမ်း

ရောမ စက်တင်ဘာ ၂

ဖာရာရီဇိမ်ခံမော်တော်ကားများ မီးလောင်မှုအရေးအတွက် ပိုမိုများပြားလာပြီးနောက် အီတလီမော်တော်ကား ၄၅၈စီးကို ၎င်းကုမ္ပဏီက ပြန်လည်သိမ်းယူခဲ့ကြောင်း စက်တင်ဘာ၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

စုံစမ်း

အဆိုပါ မော်တော်ကားများသည် အင်ဂျင်အပူရှိန်မြင့်တက်ပြီး ရုတ်တရက် မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း ဖာရာရီ ကုမ္ပဏီက ပြောကြားသည်။ အီတလီမော်တော်ကားများ မီးလောင်မှုကို ကယ်လီဖိုးနီးယား၊ ပါရီ၊ ဆွစ်ဇာလန်၊ တရုတ်နှင့် အခြားသောနိုင်ငံအချို့တွင် တွေ့ရသည်ဟု ဆိုသည်။ ၎င်းကုမ္ပဏီက မီးလောင်ရခြင်းအကြောင်းကို စုံစမ်းလျက်ရှိသည်။

(အင်တာနက်)

အီတလီ၌ မှိုရှာစဉ် ဘေးကြုံတွေ့သေဆုံးသူ ၁၈ ဦးရှိ

မီလန် စက်တင်ဘာ ၂

အီတလီမြောက်ပိုင်း တောတောင်များတွင် လူ ၁၈ဦးသည် မှိုရှာထွက်စဉ် ဘေးအန္တရာယ်ကြုံတွေ့၍ သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၁ရက်က သတင်းဖော်ပြသည်။

မှိုရှာသူများသည် ညအမှောင်ထဲ မှိုရှာထွက်ခဲ့ကြခြင်းဖြစ်နိုင်သည်ဟု ကယ်ဆယ်ရေးသမားများ၏ ပြောကြားချက်အရ ဩဂုတ် ၂၉ရက်ထုတ် လာရီယာလစ်ကာသတင်းစာက ဖော်ပြသည်။

ကိုးရက်အတွင်း ၁၇ဦးသေဆုံးခဲ့ကြောင်း၊ ခြောက်ဦးမှာ ၄၈ နာရီအတွင်း သေဆုံးကြောင်း၊ မြောက်ပိုင်းတောင်တန်းများသည် မတ်စောက်ပြီး စိုစွတ်နေသောကြောင့် လိမ့်ကျခဲ့ကြဖွယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ရှန်ဟိုင်းဆိပ်ကမ်း

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဟိုင်းဆိပ်ကမ်းအလှကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။ (တရုတ်နိုင်ငံမှ ရှန်ဟိုင်း၊ ပေကျင်း၊ ချန်ဒူးနှင့် နန်ကျင်းဆိပ်ကမ်းများသည် တရုတ်နိုင်ငံ၏ အလှပဆုံး ဆိပ်ကမ်းများဖြစ်သည်။)

(အင်တာနက်ဓာတ်ပုံ)

အာကာသစခန်းယာဉ်

နိုင်ငံတကာအာကာသစခန်းယာဉ်ကို စက်တင်ဘာ ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဗုံးသုံးလုံးပေါက်ကွဲ ၃၅ ဦးသေဆုံး

လာဟိုး စက်တင်ဘာ ၂

ပါကစ္စတန်နိုင်ငံတွင် ရေဘေးဒုက္ခကြုံတွေ့နေရသော်လည်း ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး ၃၅ ဦးသေဆုံးပြီး ၂၅၀ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စက်တင်ဘာ ၂ ရက်က ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တိုက်ခိုက်

လာဟိုးမြို့တွင် စက်တင်ဘာ ၁ရက် ညပိုင်းက ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာမှ ၃၅ ဦးသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းဗုံးသုံးလုံးမှာ လာဟိုးမြို့ ရှီးယိုက်တို့နေထိုင်ရာ အရပ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်နှစ်မှ စပြီး ၎င်းအရပ်၌ ဆွန်နီတိုက်ခိုက်ရေးသမားများ မကြာခဏပစ်မှတ်ထား တိုက်ခိုက်နေကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဇူးရစ်မြို့ ကားပြပွဲတွင် ၁၉၃၄ ခုနှစ်က ထုတ်လုပ်ခဲ့သည့် အယ်လ်ဗစ် မော်တော်ကားကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



ပစိဖိတ်ကမ်းရိုးတန်း၌ မိုးသက်မုန်တိုင်းတိုက်ခတ်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂

ပစိဖိတ်ကမ်းရိုးတန်းဒေသနှင့် မက္ကဆီကိုရှိ အဓိကဆိပ်ကမ်းမြို့များတွင် မိုးသက်မုန်တိုင်းတိုက်ခတ်သဖြင့် ဩဂုတ် ၃၁ရက်တွင် မက္ကဆီကို အမျိုးသားမိုးလေဝသဌာန (အက်စ်အမ်အင်န်)က မိုးလေဝသသတိပေးချက်များ ထုတ်ပြန်ကြေညာထားသည်။

ရွှေ့ပြောင်း

ယင်းမိုးသက်မုန်တိုင်းကြောင့် မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွားရာမှ ဒေသခံပြည်သူ ၁၀၀၀၀၀ကျော် သဘာဝဘေးဒဏ်ခံစားရကာ ဒဏ်ရာရရှိမှုများနှင့် အိမ်ရာအဆောက်အအုံများစွာ ပျက်စီးခဲ့ရပြီး ပါပါလုံပန်မြစ်ရေများ မြင့်တက်လာမှုကြောင့် ကမ်းရိုးတန်းဒေသတစ်လျှောက်မှ နေထိုင်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရသည်။

မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါင်း ၄၈မြို့ရှိ အိမ်ခြေ ၂၄၀၀၀ ပျက်စီးခဲ့ရပြီး မြစ်ပေါင်း ၂၈ခုမှ မြစ်ကမ်းပါးများ ပြိုကျပျက်စီးခဲ့သည်ဟု အမျိုးသားမြို့ပြကာကွယ်ရေးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာ့စီးပွားရေး အလျင်အမြန်တိုးတက်မှု အိန္ဒိယနိုင်ငံ ဒုတိယအဆင့်၌ ရပ်တည်

နယူးဒေလီ စက်တင်ဘာ ၂

ကမ္ဘာ့စီးပွားရေး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမှုတွင် အိန္ဒိယနိုင်ငံသည် ဒုတိယအဆင့်၌ရပ်တည်နေကြောင်း နောက်ဆုံးလေးလပတ် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာအရ စက်တင်ဘာ ၁ရက်တွင် မီဒီယာများက သတင်းထုတ်ပြန်သည်။

မြင့်တက်

အိန္ဒိယနိုင်ငံတွင် ဇွန်လမှစတင်ကာ သုံးလတာကာလအတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏသည် ယခင်နှစ် အလားတူကာလကထက် ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။

ရပ်တည်

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အိန္ဒိယနိုင်ငံသည် အဆင့် (၁၁)၌ ရှိပြီး စီးပွားရေးမြန်ဆန်စွာ ဦးမော့လာမှုတွင် တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် နောက်မှလိုက်ကာ ဒုတိယအဆင့်၌ ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

မက္ကဆီကို ပင်လယ်ကွေ့အတွင်း ရေနံတူးစင်ပေါက်ကွဲပြန်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂

မက္ကဆီကို ပင်လယ်ကွေ့ကမ်းလွန်တွင် စက်တင်ဘာ ၂ရက်က ရေနံတူးစင် ပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဖြစ်ပွား

အဆိုပါ ပေါက်ကွဲမှုသည် ဧပြီလအတွင်းက ပေါက်ကွဲခဲ့သည့် ရေနံတူးစင်၏ အနောက်ဘက်တွင် တည်ရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားစဉ် ရေနံတွင်းလုပ်သား ၁၃ဦး ရေထဲသို့ လွှင့်စဉ်သွားခဲ့ကြောင်း၊ ၎င်းရေနံတူးစင်ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် နံနက် ၉နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်အရာရှိ ကာဆေးရာနယ်က ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ရေပိုင်နက် အတွင်း ထူးဆန်းသောငါးတစ်မျိုးကို သိပ္ပံပညာရှင်တို့က စူးစမ်းရှာဖွေတွေ့ရှိခဲ့စဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ယခုနှစ်တွင် အမြင့်ဆုံးစံချိန်တင်

ကဘူးလ် စက်တင်ဘာ ၂

အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်များ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လွန်ခဲ့သည့်ကိုးနှစ်နီးပါးက စတင်ကျူးကျော်ဝင်ရောက်ပြီးနောက် ယခုနှစ်အမေရိကန်များ သေဆုံးမှုမှာ နှစ်အလိုက်အမြင့်ဆုံးဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဖော်ပြ

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၀ခုနှစ်တွင် ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင်များ အနက် သေဆုံးသူပေါင်း ၃၂၃ဦးရှိသွားပြီဖြစ်ကြောင်း၊ ၂၀၀၉ခုနှစ် ထိုကာလအတွင်းတွင် ၃၁၇ဦးသာလျှင် သေဆုံးခဲ့ကြောင်း ထုတ်ပြန်သည့် သတင်းအချက်အလက်များတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ် ပထမရှစ်လအတွင်း သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေမှာ ၄၉၀ရှိကြောင်း၊ တစ်နှစ်လုံးသေဆုံးသူဦးရေ ၅၂၁ဦးရှိသည်။ ၂၀၀၉ခုနှစ်က စံချိန်ကို အမြန်ရောက်ရှိကြောင်းသိရသည်။ စစ်ဖြစ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေမှာ ၂၀၀၀ နီးပါးရှိသည့်အနက် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၇၀ ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

ချီလီတွင် အလုပ်အကိုင်သစ်ဖန်တီးမှု အံ့မခန်း

စန်တီယာဂို စက်တင်ဘာ ၂

ချီလီနိုင်ငံအတွင်း ယခုနှစ် ပထမရှစ်လအတွင်းတွင် အလုပ်အကိုင် ဖန်တီးမှုမှာ အံ့မခန်းဖွယ် သမိုင်းမှတ်တမ်းတင်လောက်အောင် စွမ်းဆောင်နိုင်ကြောင်း ချီလီသမ္မတ ဆီပါရှင်ပီနေးရားက စက်တင်ဘာ ၁ရက်တွင် ပြောကြားသည်။

မိမိတို့ အစိုးရအဖွဲ့တာဝန်ယူပြီး ပထမလေးလအတွင်းတွင် မိမိတို့ နိုင်ငံအနေဖြင့် အလုပ်အကိုင်သစ် ၁၆၅၀၀၀ကို ဖန်တီးပေးနိုင်ကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံသမိုင်းတွင် လေးလအတွင်း အလုပ်အကိုင်သစ်ဖန်တီးရာ၌ အောင်မြင်မှု အံ့မခန်းဖွယ်ရှိကြောင်း သမ္မတပီနေးရားက ပြောကြားလိုက်သည်။

အမျိုးသမီးများအတွက် အလုပ်အကိုင်သစ် ၁၀၁၅၀၀ ဖန်တီးနိုင်ကြောင်း၊ ချီလီနိုင်ငံက ယခုနှစ်အလုပ်အကိုင် ၂၅၀၀၀၀ဖန်တီးရန် ရည်မှန်းချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ *(အင်တာနက်)*

3-9 (04).pmd 1 9/3/2010, 2:52 AM

နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➣

ကွမ်ပါဆုတိုင်ဖွန်းမုန်တိုင်း ဆိုးလ်မြို့သို့ ဝင်ရောက် သုံးဦးသေဆုံးပြီး လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

ဆိုးလ် စက်တင်ဘာ ၂

တိုင်ဖွန်းမုန်တိုင်း ကွမ်ပါဆုသည် စက်တင်ဘာ ၂ရက် နံနက်ပိုင်းက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး သုံးဦး သေဆုံးသွားကြောင်း၊ ၎င်းမုန်တိုင်းသည် ၁၅နှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် တိုက်ခတ်သည့် အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျံသန်းမှုရပ်ဆိုင်း

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲခြင်းနှင့် ဓာတ်အားလိုင်းများ ပြတ်ခြင်း၊ နေအိမ်ထောင်ပေါင်းများစွာတို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ခြင်းနှင့် နိုင်ငံတကာ လေကြောင်းခရီးစဉ်များပျံသန်းမှု ရပ်ဆိုင်းသွားခြင်းတို့ ဖြစ်ပေါ်ခဲ့ရကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့က ပြောကြားသည်။

ရပ်ဆိုင်း

၎င်းမုန်တိုင်းတိုက်ခတ်၍ နိုင်ငံတကာလေကြောင်းခရီးစဉ် ၆၀ကျော် ပျံသန်းမှု ရပ်ဆိုင်းခဲ့ရကြောင်း၊ အများစုမှာ တရုတ်လေကြောင်းလိုင်းများဖြစ်ကြောင်း၊ ဆိုးလ်မြို့ မြေအောက်ရထားပြေးဆွဲမှုများလည်း ရပ်ဆိုင်းထားရကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ပြောကြား

ကွမ်ပါဆုတိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၂ရက် နံနက်ပိုင်းက ဆိုးလ်မြို့ အနောက်ဘက် မိုင် ၄၀အကွာတွင် ရှိနေကြောင်း၊ ၎င်းမုန်တိုင်းသည် ဆိုးလ်မြို့အရှေ့မြောက်ပိုင်းနှင့် မြောက်ကိုရီးယားသို့ ဆက်လက်ဝင်ရောက်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(ဝဲပုံ) (အင်တာနက်)**

ပါကစ္စတန်လေကြောင်းမှ တိုက်ခိုက်မှု တာလီဘန် ၆၂ဦး သေဆုံး

ပက်ရှ်ဝါ စက်တင်ဘာ ၂

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နယ်စပ် ခိုင်ဘာဒေသတွင် ပါကစ္စတန်အစိုးရက လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အစွန်းရောက် တိုက်ခိုက်ရေးသမား ၆၂ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁ရက်တွင် ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုများမှာ ခိုင်ဘာဒေသရှိ တာလီဘန်ခံတပ်များထဲမှ တစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်လေကြောင်းတိုက်ခိုက်ရေးအဖွဲ့က ပြောကြားသည်။

မိမိတို့အနေဖြင့် ခိုင်ဘာဒေသမှာ အနည်းဆုံးတာလီဘန် ၄၀မှ ၄၅ဦးအထိ သေဆုံးမည်ဟု ယူဆရကြောင်း၊ တာလီဘန်တို့က မကြာခဏ အသေအပျောက်စာရင်းကို ငြင်းဆိုကြောင်း ပါကစ္စတန်လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဒစ္စကာဗာရီဝန်ထမ်းသုံးဦး ပြန်ပေးဆွဲခံရ

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌ စက်တင်ဘာ ၂ရက်တွင် သေနတ်သမားတစ်ဦးက ဒစ္စကာဗာရီ ချန်နယ်ရုပ်သံလိုင်းအဆောက်အအုံအတွင်း ဝင်ရောက်ကာ ဝန်ထမ်းသုံးဦးအား ပြန်ပေးဆွဲခဲ့သည်။

သေဆုံး

အဆိုပါသေနတ်သမားနှင့် ရဲအဖွဲ့တို့ နာရီအတန်ကြာ ညှိနှိုင်းပြောကြားနေစဉ်အတွင်း ပြန်ပေးဆွဲခံရသူ ဝန်ထမ်းသုံးဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ရဲအဖွဲ့က သေနတ်သမားအား ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

တရုတ်တောင်ပိုင်း၌ ရေကြီးပြီး မြေပြို၊ လေးဦးသေဆုံး

ပေကျင်း စက်တင်ဘာ ၂

တရုတ်နိုင်ငံတောင်ပိုင်း ကျေးရွာတစ်ရွာ၌ မြေပြိုမှုဖြစ်ပွား၍ လေးဦးသေဆုံးခဲ့ကြောင်း၊ စက်တင်ဘာ ၂ ရက်တွင် ကယ်ဆယ်ရေးအဖွဲ့က မြေပြိုမှုကြောင့် ပျောက်ဆုံးနေသော ၄၄ဦးအား ရှာဖွေနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ကယ်ဆယ်ရေးအဖွဲ့က ယူနန်ပြည်နယ်တောင်ပိုင်း ဝါမာကျေးရွာ၌ စက်တင်ဘာ ၁ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့၍ မြေအောက်တွင် ပိနေသူ ၂၃ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်းဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အေဒင်ပင်လယ်ကွေ့အတွင်း၌ ဆိုမာလီပင်လယ်ဓားပြများအား ကင်းလှည့်စောင့်ကြပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များ။

ဆိုမာလီပင်လယ်ဓားပြများကို မည်သို့နှိမ်နင်းကြမည်နည်း

တိုး-ရေးသားသည်

၂၁ ရာစုအစပိုင်း ဆိုမာလီနိုင်ငံ ပြည်တွင်းစစ်၏ ဒုတိယအဆင့်သို့ ရောက်ရှိကတည်းက ဆိုမာလီ ကမ်းလွန်ပင်လယ်ဓားပြသောင်းကျန်းမှုမှာ နိုင်ငံတကာပင်လယ်ရေကြောင်းပို့ဆောင်ရေးကို ခြိမ်းခြောက်လာသည့် အန္တရာယ်တစ်ခုဖြစ်လာသည်။ ၂၀၀၅ ခုနှစ်မှစ၍ နိုင်ငံတကာပင်လယ်ရေကြောင်းအဖွဲ့ (အိုင်အမ်အို)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက ပင်လယ်ဓားပြမှုများ တိုးပွားလာခြင်းအပေါ် စိုးရိမ်မကင်းရှိကြောင်း ထုတ်ပြန်ကြေညာလာကြသည်။

ပင်လယ်ဓားပြတိုက်မှုများကြောင့် ရေကြောင်းကုန်စည်ပို့ဆောင်စရိတ် ပိုမိုကုန်ကျစေပြီး ထောက်ပံ့ရေးရိက္ခာများ တင်ပို့မှုကို အတားအဆီးအဟန့်အတား ဖြစ်ရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)၏ ရိက္ခာများတင်ပို့မှုတွင် ရာခိုင်နှုန်း ၉၀မှာ ပင်လယ်ရေကြောင်းမှ ပို့ဆောင်လျက်ရှိရာ လက်နက်ကိုင်စောင့်ကြပ်ရန် လိုအပ်လာသည်။

ဆိုမာလီပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ထိရောက်သော ကမ်းစောင့်ထိန်းသိမ်းမှုမရှိသည့်အတွက် ဆိုမာလီ တံငါအများစုသည် နိုင်ငံတော်ရေပိုင်နက်ကို ကာကွယ်ရမည်ဆိုကာ လက်နက်ကိုင်လာကြသည်။ နိုင်ငံခြားသင်္ဘောများက ငါးခိုးဖမ်းသည့်အပြင် အဆိပ်သင့် စွန့်ပစ္စည်းများ လာရောက်ပစ်ခြင်းကို ကာကွယ်ရန်ဟူ၍ အကြောင်းပြကြသည်။

ဆိုမာလီနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆိုမာလီပြည်သူ သန်းပေါင်းများစွာမှာ ထောက်ပံ့ရေးပစ္စည်းများပေါ်သာ အများဆုံး မှီခိုအားထားနေပြီး ၂၀၀၈ ခုနှစ်တွင် ၇၃ရာခိုင်နှုန်းသော ပြည်သူတို့၏ တစ်နေ့ဝင်ငွေမှာ နှစ်ဒေါ်လာအောက်သာ ရှိသည်ဟုဆိုသည်။ ထိုအကြောင်းခြင်းရာများနှင့်အတူ ပင်လယ် ဓားပြအလုပ်မှာ မြက်မြက်ကလေးရသည့် အလုပ်ဖြစ်ခြင်းတို့အပေါ် အခြေခံ၍ များစွာသော ဆိုမာလီလူငယ်များမှာ ပင်လယ်ဓားပြ အုပ်စုများအတွင်းသို့ ရောက်ရှိကုန်ကြသည်။ ဆိုမာလီနိုင်ငံ ပန့်လင်းဒေသခံများ၏ အမြင်တွင် ပင်လယ်ဓားပြများမှာ ငွေပေါသည်။ မော်တော်ကားသစ်၊ သေနတ်သစ်၊ နေအိမ်တိုက်တာများနှင့် နေထိုင်ရကာ လူမှုရေးဝင်ဆံ့လာကြသည်ဖြစ်၍ ဖက်ရှင်တစ်မျိုးဖြစ်သည်ဟု ဆိုသည်။

ပင်လယ်ဓားပြအများစုမှာ အသက် ၂၀ နှင့် ၃၅ နှစ်အကြား ရှိကြသည်။ ၎င်းတို့ကို ယေဘုယျအားဖြင့် သုံးမျိုးသုံးစားခွဲခြားထားသည်။ အချို့မှာပင်လယ်ရေလုပ်ငန်းကျွမ်းကျင်သည့် တံငါသည်ဟောင်းများ ဖြစ်ကြသည်။ ဒုတိယအမျိုးအစားမှာ ဆိုမာလီ စစ်နယ်ရှင်များလက်အောက် အမှုထမ်းဖူးသည့် ပြည်သူစစ်များဖြစ်ပြီး တတိယအမျိုးအစားမှာ နည်းပညာကျွမ်းကျင်သူများ ဖြစ်ကြသည်။

ထိုထိုသော အကြောင်းများကြောင့် ပင်လယ်ဓားပြများသည် ဒုံးပစ်လောင်ချာနှင့် အေကေ-၄၇ တိုက်ခိုက်ရေးရိုင်ဖယ်များကို ကိုင်ဆောင်တတ်သည့်အပြင် ဂြိုဟ်တုဖုန်းများ၊ ဂျီပီအက်စ်စသော ခေတ်မီဆက်သွယ်ရေးကိရိယာများကို သုံးစွဲကြသည်။

ပင်လယ်ဓားပြတိုက်မှုများမှာ ဆိုမာလီနိုင်ငံတောင်ပိုင်းကမ်းခြေမှ စတင်ခဲ့သော်လည်း ၂၀၀၇ ခုနှစ်တွင် မြောက်ပိုင်းသို့ စတင်ရွှေ့လာသည်။ အေဒင်ပင်လယ်ကွေ့အတွင်း ပင်လယ်ဓားပြ ဂိုဏ်းများမှာ ဂိုဏ်းပေါင်းစုံ ဖြစ်လာသည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ဆိုမာလီပင်လယ်ဓားပြများက အေဒင်ပင်လယ်ကွေ့အပြင်ဘက်တွင် သင်္ဘောများကို စတင် ပြန်ပေးဆွဲကာ ဓားပြတိုက်လာကြသည်။ နိုင်ငံအချို့မှ စစ်သင်္ဘောများကလည်း ဆိုမာလီဓားပြများ နှိမ်နင်းရေးတွင် ပါဝင်လာကြသည်။

ဖမ်းဆီးခံရသော ပင်လယ်ဓားပြ ခုနစ်ဦးကို ဂျာမနီစစ်သင်္ဘောက မလွှတ်လျှင် ပြန်ပေးဆွဲထားသည့် ဗြိတိန်ဇနီးမောင်နှံကို သတ်ပစ်မည်ဟု ဆိုမာလီပင်လယ်ဓားပြများက ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ခြိမ်းခြောက်ခဲ့သည်။

၂၀၁၀ ခုနှစ် မေ ၁၁ ရက်တွင် ဘူလ်ဂေးရီးယားအလံနှင့် သင်္ဘောကို ၎င်းတို့ ဖမ်းဆီးလိုက်သည်။ ဂရိသင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက ဖမ်းဆီးထားကြောင်း ဂရိအစိုးရကလည်း မေ ၁၂ ရက်တွင် ကြေညာသည်။

ဆိုမာလီပင်လယ်ဓားပြ နှိမ်နင်းရန် ၂၀၀၈ခုနှစ် ဩဂုတ်လတွင် နိုင်ငံစုံ ညွှန့်ပေါင်းတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်သည်။ အေဒင်ပင်လယ်ကွေ့အတွင်း ကင်းလှည့်စောင့်ကြည့်သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပင်လယ်ဓားပြနှိမ်နင်းရေးအတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ်(၁၈၃၈)ဖြင့် နိုင်ငံများအားတိုက်တွန်းသည်။

နိုင်ငံတကာ ရေကြောင်းအဖွဲ့၏ (၁၀၁)ကြိမ်မြောက်ကောင်စီ အစည်းအဝေးတွင်လည်း ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ချထားရန် အိန္ဒိယက တိုက်တွန်းသည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဆိုမာလီရေပိုင်နက်အတွင်း လိုက်လံပြီး ပင်လယ် ဓားပြနှိမ်နင်းခွင့်ကို အိန္ဒိယရေတပ်က ရရှိလိုက်သည်။

နိုင်ငံတကာ ရေတပ်သင်္ဘောများ စောင့်ကြပ်သည့်ကြားမှပင် ဆိုမာလီပင်လယ်ဓားပြများမှာ ရေနံတင်သင်္ဘော၊ ကုန်သင်္ဘောနှင့် ငါးဖမ်းသင်္ဘောပါမကျန် အကြမ်းဖက်တိုက်ခိုက်လျက်ရှိသည်။ သင်္ဘောများမှာလည်း သင်္ဘောသားဦးရေ နည်းပါးသည့်ပြင် စစ်သင်တန်းဆင်းများ မဟုတ်၍ ၎င်းတို့နှင့် ရင်ဆိုင်နိုင်စွမ်း မရှိကြပေ။

ခေတ်မီဆက်သွယ်ရေးကိရိယာများ သုံးပြီး ခေတ်မီလက်နက်များ ကိုင်ဆောင်သူ ပင်လယ်ဓားပြများအား စီးပွားဖြစ်ကျောထောက်နောက်ခံပေးမှုများရှိနေသမျှ ထိုဒေသတွင် ဆိုမာလီပင်လယ်ဓားပြများ ဆက်လက်၍ ခေါင်းထောင်နေဦးမည်ဖြစ်သည်။ သို့ပါလျှင် အဆိုပါပင်လယ်ဓားပြများကို မည်သူတွေက မည်သို့နှိမ်နင်းနိုင်ကြမည်နည်း။ ရေကြောင်းခရီးသွားများနှင့်အတူ ကမ္ဘာ့ပြည်သူများ စောင့်ကြည့်နေကြရဦးမည်သာ.....။

(အင်တာနက်)

ဆိုမာလီပင်လယ်ဓားပြများအား တိုက်ခိုက်ချေမှုန်းရန် တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်နေကြသည်ကို တွေ့ရစဉ်။

မိတ္ထီလာလွင်ပြင်ရေရရှိရေး စီမံကိန်းလုပ်ငန်းများ လယ်/ဆည် ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ်၃၀ရက် နံနက်စနာရီခွဲက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်းကန်ကျေးရွာအနီးရှိ ကျေးလက်ဆည်ကန်တစ်ခုဖြစ်သော ထိန်ကန်ပြန်လည်ပြုပြင်ရေး ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများနှင့်လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်းကျေးရွာနှင့် နဘဲကန်ကျေးရွာတို့မှ တောင်သူလယ်သမားများနှင့်လည်းကောင်းတွေ့ဆုံ၍ (အပေါ်ပုံ) **ဩဂုတ်၂၅ ရက်က သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်မှု အခြေအနေများ၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကိစ္စရပ်များ ဆွေးနွေးမေးမြန်းပြီး ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ထို့နောက် မွန်းလွဲပိုင်းတွင် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်နေသော ဝမ်းတွင်းမြို့နယ်အတွင်းရှိ လျှပ်စစ်ရေတင်ပင်မတူးမြောင်းများကို ကြည့်ရှုစစ်ဆေးပြီး တူးမြောင်းဘေးဝဲယာ၌ မိုးစပါးစိုက်ပျိုးရန် ရေသွင်းထားမှု၊ ထွန်ယက်မြေပြုပြင်မှုနှင့် ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကင်းတားရေလွှဲဆည် ကင်းတားလက်ဝဲတူးမြောင်းမကြီးမှ ရေအရင်းအမြစ်ကိုရယူ၍ စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်နေသော ပင်မရေတင်စခန်းသို့ ရောက်ရှိပြီး လျှပ်စစ်ရေစုပ်စက်ကြီးများနှင့် ပင်မရေပေးတူးမြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြုပြင်မွမ်းမံ

ယင်းနောက် ပင်မရေတင်စခန်းရှိ အမှတ်(၂)ရေခေါ်မြောင်းကို စက်ယန္တရားများဖြင့် ပြုပြင်မွမ်းမံနေမှုနှင့် မိုးစပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မိတ္ထီလာလွင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီးက ပြီးစီးသည့် အပိုင်းအလိုက် ရေသွင်းစိုက်ပျိုးနိုင်ရေးနှင့် စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေး မှာကြားသည်။

စိုက်ပျိုးလျက်ရှိ

မိတ္ထီလာလွင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ဧက ၈၀၀၀၊ သာစည်မြို့နယ်၌ ဧက ၂၂၀၀၀ကို ကင်းတားရေလွှဲဆည်မှ ရေကိုစုပ်တင်၍ ရေတင်အဆင့်ရှစ်ဆင့်ဖြင့် ရေပေးဝေမည့် စီမံကိန်းဖြစ်ပြီး အပိုင်းအလိုက် ပြီးစီးသော နေရာများ၌ စတင်ရေပေးဝေကာ မိုးစပါးနှင့် သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ပင်မယန္တရားတောင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးယုနိုင်၊ မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးခွန်ဂျာအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အနိုင်ရ

ဗိုလ်လုပွဲတွင် ပေါက်တောရပ်ကွက်အသင်းက နံ့သာကုန်းရပ်ကွက်အသင်းကို အနိုင်ရရှိပြီး ပထမဆုဖလားကို ဆွတ်ခူးရရှိသွားသည်။

ဆုပေးပွဲအခမ်းအနားတွင် ဒုတိယဆုရရှိသော နံ့သာကုန်းရပ်ကွက်အသင်းကို မြို့နယ်ပိုက်ကျော်ခြင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ပထမဆုရရှိသော ပေါက်တောရပ်ကွက်အသင်းအား မြို့နယ်အတွင်းရေးမှူး ဦးတင့်လွင်က ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကြီးကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးယုနိုင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်က တပ်မတော်(ရေ) ရေကူးကန်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဗိုလ်လုပွဲအသင်းများ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီး၌ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တံခွန်စိုက်ဒိုင်းရရှိသည့်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ခရမ်းမြို့နယ်၌ ဖွင့်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ခရမ်းမြို့ အားကစားခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ခင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအေးမောင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းတာဝန်အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကြည်ထွန်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို အသေးစိတ်ဆွေးနွေးပို့ချကာ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက မဲပေးပုံကို လက်တွေ့သရုပ်ပြသခဲ့သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သင်တန်းတက်ရောက်ရန် သင်တန်းသားများ အစ္စရေးနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် အစ္စရေးနိုင်ငံ Ramat Negev Desert Agro Research Centre ၌ ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းဆိုင်ရာ Scholarship (Diploma) On The Job Training (၁၁)လ သင်တန်းတက်ရောက်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသား သုံးဦးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ အစ္စရေးနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ အဖွဲ့ချုပ်မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ ဗဟိုအလုပ်အမှုဆောင် ဦးလိုကင်ဆိုင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စုဆောင်း

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရှပ်ပုံကျေးရွာလမ်း ကျောက်ချောခင်းဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ဩဂုတ် ၅ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေနေနို့တိုက်သတ္တဝါ ရေဝက်မျိုးစိတ် ရွှေသောင်ယံ၌ တွေ့ရှိ သက်ဆိုင်ရာသို့ အပ်နှံ၊ ဂုဏ်ပြုချီးမြှင့်ငွေ ပြန်လည်ပေးအပ်

ပုသိမ် စက်တင်ဘာ ၂

ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ သဘော့ကန် ကျေးရွာအုပ်စု ဘင်္ဂလားပင်လယ်အော်ကမ်းစပ်တွင် ဩဂုတ် ၁၁ရက် ညနေ ၅ နာရီက ရေနေနို့တိုက်သတ္တဝါ ရေဝက်မျိုးစိတ်ကို ချောင်းသာရွာနေ ရေလုပ်သား ဦးစိုးကြီး(ခ)ကုလားကြီးက တွေ့ရှိခဲ့သည်။ တွေ့ရှိသူ ဦးစိုးကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ခရိုင်ငါးလုပ်ငန်းဦးစီး ဌာနသို့ အပ်နှံပြီး ပုသိမ်ယုဇန အအေးခန်းဝင်းအတွင်း စိတ်ပါဝင်စားသူများအား ပြသခဲ့သည်။

ရေနေမျိုးစိတ်စာရင်းဝင်

အဆိုပါတွေ့ရှိသည့် ရေဝက်သည် အထီးဖြစ်ပြီး အလျား ၇ပေ ၁လက်မ လုံးပတ် ၅ပေ ၁လက်မနှင့် အလေးချိန် ပိဿာ၇၀ရှိကာ ကမ္ဘာ့တွင်မျိုးတုံးရှားပါး ရေနေမျိုးစိတ်စာရင်းဝင်ဖြစ်ကြောင်း သိရသည်။

၂၀၀၂ခုနှစ်တွင် ဌမြို့နယ် ကမ်းသာယာတွင် လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် မကျည်းရွာအနီး ကမ်းခြေတွင်လည်းကောင်းတွေ့ရသည်ဟု မှတ်တမ်းအရ သိရပြီး ယခုရရှိသည့် ရေဝက်သည် ပုသိမ်မှ ဌကမ်းခြေတစ်လျှောက် ပင်လယ်တွင် ကျက်စားလေ့ရှိသော ရေဝက်ဖြစ်ကြောင်း သိရသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

အဆိုပါတွေ့ရှိမှုအတွက် ဩဂုတ် ၂၅ရက်က ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ပုသိမ်မြို့နယ် ဥတိုရွာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပသော သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ရေမြေသယံဇာတ ထိန်းသိမ်းရေးပညာပေးဟောပြောပွဲတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြတ်သာထွန်းက ရေဝက်အပ်နှံသူ ဦးစိုးကြီးအား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**

(ငါးလုပ်ငန်းဦးစီး)



ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဩဂုတ်၃၀ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး ဘူးသီးတောင်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ကမ်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် ဘူးသီးတောင်မှ ရသေ့တောင်၊ စစ်တွေမြို့သို့ လိုက်ပါကြမည့် ခရီးသည်များအား လက်မှတ်ရောင်းချနေမှု၊ ဘူးသီးတောင်-စစ်တွေ ပြေးဆွဲနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ခရီးသည်တင်ရေယာဉ်၌ ခရီးသည်များလိုက်ပါ စီးနင်းမှု၊ ဘူးသီးတောင်-ရသေ့တောင်-စစ်တွေ ရေလမ်းကြောင်း အခြေအနေ၊ မေယုမြစ် ရေလမ်းကြောင်းအခြေအနေ၊ ရသေ့တောင်မြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေ၊ ရသေ့တောင်မှ စစ်တွေမြို့သို့ ခရီးသည်များ လိုက်ပါစီးနင်းမှုနှင့် မင်းချောင်းတံတားအနီး ရေလမ်းကြောင်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်အိမ်ရာထူထောင်ရေး ရွှာငံ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ရွှာငံ စက်တင်ဘာ ၂

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာငံမြို့နယ်တွင် ကျေးလက်အိမ်ရာ ထူထောင်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက ရွှာငံ-ဟံမြင့်မိုရ်ကားလမ်းဘေး ကျောက်မြောင်း (ရှေး) ကျေးရွာကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်နိုင်က ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း ထူထောင်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းက ယူကလစ်ပျိုးပင်များကို ဌာနဆိုင်ရာများကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာရဲထံသို့လည်းကောင်း၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံသို့ လည်းကောင်း ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက ယူကလစ်ပင်စုစုပေါင်း ၂၃၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

အမှိုက်များ ဆယ်ယူ

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဩဂုတ် ၁၁ရက်က အဖွဲ့ပိုင်ဈေးကြီး အနောက်ဘက် ရေမြောင်း ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းများအတွင်းမှ နုန်းများဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်များဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးသိန်းဝင်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးသန့်စင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယှဉ်ပြိုင်ကစား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းက အမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)**တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ဆက်လက်၍ Actor Star F.C နှင့် ဌာနဆိုင်ရာအသင်းတို့ သရုပ်ပြယှဉ်ပြိုင်ကစားကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက Actor Star F.C အသင်းခေါင်းဆောင်အား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။ ထို့နောက် ပြိုင်ပွဲတွင် မော်ဘီမြို့နယ်အသင်းနှင့် ရွှေပြည်သာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

(ခရိုင် ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ်၌ ပုံပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော ပုံပြောပြိုင်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းတွင် ဩဂုတ် ၂၄ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

သရုပ်ပြယှဉ်ပြိုင်

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ပုံပြောပြိုင်ပွဲမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားများဆီသို့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများက အဖွဲ့လိုက် သရုပ်ပြယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ပညာရေး)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
- ၆:၄၀ သုဒဿနတောင်ပေါ်မှလေးဆူ ဓာတ်ပျော် ပြည်ရွှေဆံတော်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၆)
- ၈:၄၀ ပေါင်းစည်းမှုများနှင့်လှိုင်အနုရသ
- ၈:၅၅ **အရှုံးပေး၍ချစ်လိုက်သည်** ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွင် (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
- ၉:၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉:၃၅ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၂)
- ၉:၅၀ Hair Style For All (အမျိုးသမီး)
- ၁၀:၀၀ အဆင့်မြင့် ကြွေသီးစက်ရုံ (ချောက်မြို့)
- ၁၀:၁၅ Activities in the city (နာဂလိုဏ်ဂူကုသိုလ်ယူကလေးဝတောရ မွေးနေ့အလှူ)
- ၁၀:၃၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၁:၀၀ သူတို့ဘဝ သူတို့ဟာသ (ဦးစိန်ရိုး)
- ၁၁:၃၀ **မေတ္တာရှိရင်းစွဲမို့ မလွဲနိုင်ပါ** ထွန်းထွန်း၊ သင်ဇာဝင့်ကျော် (ဒါရိုက်တာ-ဇော်ဆက်)
- ၁း၀၀ သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၆)
- ၄:၄၀ ပေါင်းစည်းမှုများနှင့်လှိုင်အနုရသ
- ၅:၀၀ MNL Preview
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Science For All (လူသားတိုင်းအတွက် ဗီတာမင်လက္ခဏာ) သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၃)
- ၇:၁၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာသက်နှင်းအေး (DOZO)
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Life Style & Car Expo 2010)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း(အသိုင်းအဝိုင်း)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၇)
- ၁၀:၁၀ **အဖြူရောင်ဆေးစက်** လူမင်း၊ ရီဝေယံ၊ ထွန်းအိန္ဒြာဗို၊ သဇင် (ဒါရိုက်တာ- ညွှန့်မြန်မာညီညီအောင်)
- ၁၁:၄၀ အဆင့်မြင့် ကြွေသီးစက်ရုံ (ချောက်မြို့)
- ၁၂:၀၅ VJ Choice
- ၁၂:၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ချောရတနာနှင့် တွေ့ဆုံခြင်း)
- ၁:၁၀ ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
- ၁:၂၅ **2012 UEFA European Football Championship Qualifier (England Vs Bulgaria)**
- ၃:၂၅ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှု ရွှေဆိုင်းပညာ
- ၃:၄၀ ဖြစ်ထွန်းအောင်မြင် .... စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
- ၄:၀၅ **အရှုံးပေး၍ ချစ်လိုက်သည်** ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွင် (ဒါရိုက်တာ- အဓိပတိမောင်မောင်ဦး)
- ၄:၃၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၄:၅၀ Hair Style For ALL (အမျိုးသမီး)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2012 UEFA European Football Championship Qualifier

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	England Vs Bulgaria	STAR SPORTS (Live)

အမှိုက်သရိုက်များ ရှင်းလင်း

ကျောင်းကုန်းမြို့အဝင် ကန်ပေါင်အတွင်း မြက်နှင့် အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ရက်က အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား

တပ်မတော်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနဲ့ထပ်တူ ရှင်သန်ပေါက်ဖွားလာခဲ့တဲ့ အမျိုးသားရေးအင်အားစုကြီး ဖြစ်ပါတယ်။ တပ်မတော်ရဲ့သမိုင်း ဂုဏ်ရောင် ထွန်းပြောင်တဲ့ စွမ်းဆောင်အောင်မြင်မှုတွေကြောင့် နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်နိုင်ခဲ့သလို မြန်မာပြည်သူအားလုံးဟာ သူ့ကျွန်ဘဝ၊ သူ့ကျွန်တွင်းက လွတ်မြောက်ပြီး လွတ်လပ်တဲ့သခင်လူမျိုး၊ သခင်ပြည်သူများအဖြစ် ဝင့်ကြွားဂုဏ်ယူစွာ ရပ်တည်ရှင်သန်နိုင်ခွင့် ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် တပ်မတော်ဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့သလို နိုင်ငံရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မယ့် အခြေအနေမျိုး၊ ပြည်သူတွေရဲ့ လုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရတော့မယ့် အခြေအနေမျိုး ကြုံလေတိုင်း နိုင်ငံနဲ့ ပြည်သူကို မှဲ့တစ်ပေါက်မစွန်းရအောင် ကယ်တင်စောင့်ရှောက်ရင်း ရှေ့တန်းက မားမားမတ်မတ်ရပ်တည် ကာကွယ်စွမ်းဆောင်ပေးနိုင်ခဲ့တာကိုလည်း လေးစားစွာ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒီနေ့အခါမှာတော့ တပ်မတော်ဟာ နိုင်ငံနဲ့ပြည်သူအတွက် အဓိက အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်ပြီး အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှန်အတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို တည့်မတ်စွာလှမ်းချီ မျက်မှောက်ပြုနိုင်ဖို့အတွက် ဦးဆောင်လမ်းပြလျက်ရှိပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီကို အရှိန်အဟုန်နဲ့ ချီတက်လျက်ရှိသလို တစ်ဖက်ကလည်း နိုင်ငံနဲ့ပြည်သူအတွက် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အခိုင်အမာ ဖြစ်ထွန်းရှင်သန်လာအောင် ပျိုးထောင်တည်ဆောက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်လည်း **ဒီနေ့ပြည်သူက တပ်မတော်အပေါ် ယုံကြည်အားကိုးမှုအပြည့်နဲ့ အားတက်သရော ထောက်ခံအားပေးလျက်ရှိပါတယ်။ လက်ရှိဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ဖြစ်ထွန်းရှင်သန်နိုင်အောင်၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ဒီမိုကရေစီကို အသွင်ကူးပြောင်းနိုင်အောင် တပ်မတော်ဟာ အဓိကအခန်းကဏ္ဍက ပါဝင်ဖို့ မဖြစ်မနေလိုအပ်တယ်လို့လည်း နားလည်ခံယူ စွဲမြဲထားကြပါတယ်။ တပ်မတော်ခိုင်မာပါမှ နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ် ခိုင်မာမှာဖြစ်သလို တပ်မတော်အင်အားတောင့်တင်းပါမှ အနာဂတ်နိုင်ငံတော်ရဲ့အင်အား တောင့်တင်းကြံ့ခိုင်မှာဖြစ်တဲ့အတွက် ပြည်သူက တပ်မတော်ကို ယုံကြည်အားကိုးပြီး အင်အားတောင့်တင်းခိုင်မာစေချင်တာလည်း အမှန်ပါပဲ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတာကို ကျွန်တော်တို့ အကြွင်းမဲ့ လက်ခံယုံကြည်ထားပြီးဖြစ်ပါတယ်။**

ကျွန်တော်တို့ပြည်သူက တပ်မတော် အင်အားတောင့်တင်းပြီး ခိုင်မာတိုးတက်စေချင်တာမှန်သော်လည်း တပ်မတော်ကို အင်အားချည့်နဲ့ပြီး ပြိုကွဲသွားစေချင်တဲ့ အကြံပက်စက် ဆန်ကောလောက်မှဖောက်မနက်တဲ့ အကြံသမားတချို့ ရှိနေသေးတာကိုလည်း သတိပြုမိပါတယ်။ သူတို့ကတော့ အာဏာမျက်နှာတစ်ခုတည်းကြည့်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့ ပြည်တွင်းပြည်ပ လက်တစ်ဆုပ်စာ သစ္စာဖောက် ပုဆိန်ရိုးအုပ်စုပါပဲ။ ငါ့အာဏာရဖို့၊ ငါ့အုပ်စုကောင်းစားဖို့အတွက် တပ်မတော်ပြိုကွဲမှဖြစ်မယ်၊ တပ်မတော် အင်အားချည့်နဲ့ယိုင်လဲသွားမှ ငါ့လှေငါထိုး၊ ငါ့မြင်းငါစိုင်း ထင်တိုင်းကြဲလိုက်ဦးမယ် ဆိုတဲ့ ထင်တစ်လုံးနဲ့ တပ်မတော်ကို ပြိုကွဲအောင်၊ အင်အားချည့်နဲ့အောင်၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းကနေ ယိမ်းယိုင်သွေဖည်သွားအောင် အမျိုးမျိုး ကြိုးစားဖြိုခွဲ ထိုးနှက်နေကြပါတယ်။ တပ်မတော်ပြိုကွဲရင် နိုင်ငံလည်းပြိုကွဲပြီး ပုဆိန်ရိုးအုပ်စုအပါအဝင် မြန်မာပြည်သူအားလုံး ခေတ်သစ်ကိုလိုနီကျွန်ဘဝ ပြန်ရောက်သွားမယ်ဆိုတာ ထည့်တွက်ဆင်ခြင်နိုင်ပုံမရပါဘူး။ မမျှော်မှန်းနိုင်တဲ့ဆိုးကျိုးတွေ တစ်သီကြီး ကြုံလာနိုင်တယ်ဆိုတာကိုလည်း စဉ်းစားသုံးသပ်နိုင်ပုံ မရှိပါဘူး။ ဒီလို အာဏာနောက်ကိုသာ ငမ်းငမ်းတက်လိုက်ရင်း တစ်နပ်စားဉာဏ်နဲ့ အကြံကုန် ဂဠုန်ဆားချက်လုပ်ရပ်တွေ မဆင်မခြင်လုပ်နေတာဟာ နိုင်ငံနဲ့ပြည်သူအတွက် အလွန်ပဲအန္တရာယ်ကြီးလှပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း အဲဒီပုဆိန်ရိုးအုပ်စုတွေဟာ အနောက်ပြည်ပ အသံလွှင့်ဌာနတွေနဲ့ပေါင်းပြီး မမှန်သတင်း၊ လုပ်ကြံသတင်း၊ လိမ်ညာဖန်တီး သပ်လျှိုတဲ့သတင်း၊ လီဆယ်မှိုင်းတိုက်တဲ့သတင်းတွေကို အဆက်မပြတ် ထုတ်လွှင့်နေပါတယ်။ ဒါတွေကို ၁၉၈၈ နောက်ပိုင်းကာလများကစပြီး တမင်ရည်ရွယ်ချက်ရှိရှိ တစိုက်မတ်မတ် လုပ်လာခဲ့ကြောင်း တွေ့ရှိနိုင်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ တိုင်းပြည်ပြိုကွဲပျက်စီးဖို့၊ အချင်းချင်းသွေးကွဲပြီး ဟသ်ာကိုးသောင်း ဇာတ်ခင်းစေဖို့၊ နောက်ဆုံး အပူလုံးကြွ ယူကျုံးမရ လူလုံးမလုဖြစ်ပြီး အနောက်ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ လက်ဝေခံ ခေတ်သစ်ကိုလိုနီဘဝ ကျရောက်စေဖို့ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး နားလည်ကြပြီးသား ဖြစ်နေပါပြီ။

အခုတလော အနောက်အသံလွှင့်ဌာနတွေရဲ့ ထပ်ထပ်ကြမ်းနေတဲ့ မုသာဝါဒ လေလှိုင်းသံတွေကြားထဲမှာ တပ်မတော်ဖြိုခွဲရေးနဲ့ပတ်သက်ပြီး အတော်ကို ရပ်ပျက်ဆင်းပျက်နိုင်လှတဲ့ ထုတ်လွှင့်ချက်အချို့ကို နားကြားပြင်းကတ်လောက်အောင် ကြားနေရပါတယ်။ အဲဒါကတော့ ရဲမွန်ဘက်က တပ်ရင်းတွေနဲ့ သက်ဆိုင်တဲ့ သတင်းပါပဲ။ ရဲမွန်မှာရှိတဲ့ တပ်မလက်အောက်ခံ တပ်ရင်း (၈)ရင်းမှာ ဝန်ထမ်းစငွေတွေ ပြန်ထုတ်လို့မရတဲ့အတွက် တပ်တွင်း အမိန့်မနာခံမှုတွေဖြစ်ပြီး ပြဿနာတက်နေကြောင်း၊ နေပြည်တော်ရဲ့ ညှိနှိုင်းမှုကို လက်မခံဘဲ ငြင်းဆန်နေကြောင်း လံကြုပ်သတင်းတွေ အကြိမ်ကြိမ်ထုတ်လွှင့်ခဲ့ပါတယ်။ တစ်ခါ ရဲမွန်တပ်တွေကို နေပြည်တော်က တပ်အင်အား ၄၀၀နဲ့ ဝိုင်းထားတယ်ပြောလိုပြော၊ နောက်တစ်ခါ ၇၀၀နဲ့ ဝိုင်းပြန်တယ်ဆိုလိုဆို အမျိုးမျိုး ဇာတ်လမ်းတွေထွင်ပြီး ထုတ်လွှင့်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ရဲဘော်တွေကို အချုပ်သပ်ထိန်းချုပ်ပြီး တပ်ရင်းမှူးရှစ်ယောက်စလုံးကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီလို့တောင် လွန်လွန်ကျူးကျူး အဆင်အခြင်မဲ့ ထုတ်လွှင့်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒီလို ယုတ္တိယုတ္တာမဲ့ ကလိမ်စွေငြမ်းဆင်သတင်းတွေကို တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ် လနဲ့ချီပြီးကြာအောင် မကြာခဏဆိုသလို ဆက်တိုက်ထုတ်လွှင့်ခဲ့တာဟာ တပ်မတော်ဖြိုခွဲရေးလမ်းကြောင်းကို ပိုပြီး အာရုံစူးစိုက်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

ဒီလံကြုပ်သတင်းတွေကို ပေးပို့နေတဲ့သူကလည်း မြန်မာ့တပ်မတော်အကြောင်း နကန်းတစ်လုံးမှ နားမလည်ရှာဘဲ အဝေးကနေ ကလောင်သွေးနေတဲ့ ဆွန်ခလာဘူရီက ဘီဘီစီသတင်းထောက် ဦးသန်းဆိုသူပါပဲ။ အဲ...
အရင်တုန်းကလည်း ပြည် အင်းမဘက်က...
တပ်တွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်း...
သွေးခွဲရေးလုပ်ခဲ့ပါတယ်။ နောက်တစ်ခါ...
ကပစ စက်ရုံတွေဘက်ကို ခြေဦးလှည့်ပြီ...
တွေနဲ့ တပ်တွင်းပြိုကွဲအောင် လုပ်ကြံခဲ့ပ...
ပြန်လှေ့လာကြည့်တော့ သက်ဆိုင်ရာ နယ်...
တွေ၊ စက်ရုံတွေမှာ ဘာဖြစ်စဉ်၊ ဘာပြ...
တည်ငြိမ်အေးချမ်းစွာနဲ့ ပုံမှန်အတိုင်း...
ပြည်သူအားလုံး နားလည်သဘောပေါက်...

**ယခု ရဲမွန်တပ်မ(၁၁) ဖြစ်စဉ်မှ...
တစ်ခုလုံးဟာ ပုံမှန်ပကတိ အေးဆေး...
တပ်ရင်းအားလုံးမှာလည်း အရာရှိစစ်သည်...
ခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်'' ဆို...
စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံ့တာဝန်၊ တ...
ကျေပွန်အောင်မြင်စွာ ထမ်းဆောင်လျက်ရှိ...
မှ အာဏာဖီဆန်ခဲ့တာမရှိသလို ဘယ်...
ရတာမျိုး မရှိခဲ့ပါဘူး။ ဘယ်တပ်ရင်းမှူး...
ပါဘူး။ ရဲမွန်တပ်မြို့တစ်ခုလုံး အသွား...
အကိုင်မပျက်၊ အဝယ်အခြမ်းမပျက် စည်...
ချမ်းချမ်း ရှိနေပါတယ်။ အခုဆိုရင် ...
ပြိုင်ပွဲကြီးကို ရဲမွန်တပ်မြို့ ဘောလုံးကွင်း...
ညနေတိုင်း ဘောလုံးပွဲအားပေးကြတဲ့...
အော်ဟစ်ဆူညံအားပေးသံတွေဟာ ရဲမွန်...
လွှမ်းဖုံးနေပါတယ်။ သူ့တပ် ငါ့တပ်၊ ...
အနိုင်မခံ အရှုံးမပေး အပြန်အလှန် အ...
ရယ်မော သောသောညံနေတာကို ဆွန်...
ကြားစေချင်ပါတယ်။**

တကယ်တော့ ဒီလိုမဟုတ်မမှန် ...
ပြည်တွင်းပြည်ပ သစ္စာဖောက် ပုဆိန်ရိုးေ...
ရုပ်သေးရုပ်တွေက အကွက်ချ ဖန်တီး...
လီဆယ်လုပ်ကြံသတင်းမှန်း သိပါလျက်...
အသံလွှင့်ဌာနတွေက ရွှန်းရွှန်းဝေအောင် ...
ပေးနေကြခြင်းဟာ တပ်မတော်အတွင်း...
ပြည်သူများအတွင်းမှာပါ စိတ်ဝမ်းကွဲပြီး...
အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရုတ်ရုတ်...
ပေါ်ပေါက်လာအောင် ရည်ရွယ်တာပါပဲ၊...
အကြည်ညိုပျက်ပြီး ဆန့်ကျင်တာမျိုး၊ တ...
မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများ...
အမောင်တောင်မြောက်မသိဘဲ ဗိုန်းဗောင်း...
ချင်နေတဲ့ ပြည်ပနောက်မီးဆွဲတွေ လမ်...
လာတဲ့ အခြေအနေမျိုးအထိရောက်အော...
နေတာပါပဲ။ ဒီလို အရိုးလိုလို့ အသား...
ကျွန်တော်တို့ပြည်သူတွေက အရိပ်ပြ...
နားလည်သဘောပေါက်ကြဖို့ အရေးကြီ...

ဒီလိုလုပ်နေကြတာလည်း အခုမှ အ...
ဘူး။ ကျွန်တော်တို့ သက်တမ်းအတွင်းမှာ...
ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ...
မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းတွေထွင်...
ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေ...
တပ်မတော်ဖြိုခွဲရေးလုပ်ခဲ့တာလည်း ...
ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို ...
လီဆယ်စကားတွေဟာ အမှန်တရားနဲ့ရင်...
ပြိုကွဲလွင့်စဉ် ပျောက်ကွယ်သွားရစမြဲပါ...

အခုဆိုရင် လမ်းပြမြေပုံ (၇)ဆင့်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ရွေးကောက်ပွဲကြီး နီးလာတာနဲ့အမျှ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အောင်မြင်ဝင့်ကြွားစွာ ပေါ်ပေါက်လာမှာကို လုံးဝမမြင်လို၊ မတွေ့လို၊ မဖြစ်စေလိုကြတဲ့ ပုဆိန်ရိုးအုပ်စုနဲ့ အနောက်အုပ်စုတွေက အနောက်မီဒီယာတွေရဲ့အားကိုသုံးပြီး ဖျက်လိုဖျက်ဆီးလုပ်ရပ်တွေကို အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်လာနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လက်ရှိ ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးပျက်ယွင်းမသွားရအောင်၊ ရှေ့မှာ လက်တစ်ကမ်းတောင် မလိုတော့တဲ့ ဒီမိုကရေစီပန်းတိုင် လက်လွတ်ပျောက်ဆုံးမသွားရအောင် သတိရှိကြဖို့လိုပါတယ်။

တ်သမား

ကိုကဲ

သတင်းထောက် ဦးသန်းဆိုသူပါပဲ။ အဲဒီသတင်းထောက်ဟာ အရင်တုန်းကလည်း ပြည် အင်းမဘက်ကတပ်တွေ၊ ပဲခူးဘက်ကတပ်တွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်းမှားတွေနဲ့ တပ်မတော်သွေးခွဲရေးလုပ်ခဲ့ပါတယ်။ နောက်တစ်ခါ ထုံးဘို ဆင်တဲဘက်က ကပစ စက်ရုံတွေဘက်ကို ခြေဦးလှည့်ပြီး မဟုတ်မမှန်သတင်းတွေနဲ့ တပ်တွင်းပြိုကွဲအောင် လုပ်ကြံခဲ့ပါတယ်။ တကယ်တမ်း ပြန်လှေ့လာကြည့်တော့ သက်ဆိုင်ရာ နယ်မြေဒေသတွေ၊ တပ်ရင်းတွေ၊ စက်ရုံတွေမှာ ဘာဖြစ်စဉ်၊ ဘာပြဿနာမှမရှိဘဲ အားလုံးတည်ငြိမ်အေးချမ်းစွာနဲ့ ပုံမှန်အတိုင်း ရှိနေတယ်ဆိုတာကို ပြည်သူအားလုံး နားလည်သဘောပေါက်ခဲ့ကြပါပြီ။

ယခု ရဲမွန်တပ်မ(၁၁) ဖြစ်စဉ်မှာလည်း ရဲမွန်တပ်မြို့တစ်ခုလုံးဟာ ပုံမှန်ပကတိ အေးဆေးတည်ငြိမ်လျက်ရှိသလို တပ်ရင်းအားလုံးမှာလည်း အရာရှိစစ်သည်များအားလုံး"ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်"ဆိုတဲ့ ဆောင်ပုဒ်အတိုင်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံ့တာဝန်၊ တပ်မတော်တာဝန်များကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ ဘယ်ရဲဘော်မှ အာဏာဖီဆန်ခဲ့တာမရှိသလို ဘယ်တပ်မှလည်း သွားဝိုင်းရတာမျိုး မရှိခဲ့ပါဘူး။ ဘယ်တပ်ရင်းမှူးမှလည်း အဖမ်းမခံခဲ့ရပါဘူး။ ရဲမွန်တပ်မြို့တစ်ခုလုံး အသွားအလာမပျက်၊ အလုပ်အကိုင်မပျက်၊ အဝယ်အခြမ်းမပျက် စည်စည်ကားကား အေးအေးချမ်းချမ်း ရှိနေပါတယ်။ အခုဆိုရင် တပ်မမှူးဒိုင်း ဘောလုံးပြိုင်ပွဲကြီးကို ရဲမွန်တပ်မြို့ ဘောလုံးကွင်းမှာ ကျင်းပနေတာမို့လို့ ညနေတိုင်း ဘောလုံးပွဲအားပေးကြတဲ့ ရှေ့ပွဲလာပရိသတ်ရဲ့ အော်ဟစ်ဆူညံအားပေးသံတွေဟာ ရဲမွန်တပ်မြို့ တစ်ခုလုံးကို လွှမ်းဖုံးနေပါတယ်။ သူ့တပ် ငါ့တပ်၊ သူ့အသင်း ငါ့အသင်း အနိုင်မခံ အရှုံးမပေး အပြန်အလှန် အားပေးကြရင်း ပျော်ရွှင်ရယ်မော သောသောညံနေတာကို ဆွန်ခလာဘူရီက ဦးသန်း ကြားစေချင်ပါတယ်။

တကယ်တော့ ဒီလိုမဟုတ်မမှန် လုပ်ကြံသတင်းတွေကို ပြည်တွင်းပြည်ပ သစ္စာဖောက် ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံ ရုပ်သေးရုပ်တွေက အကွက်ချ ဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြံသတင်းမှန်း သိပါလျက်နဲ့ ဘီဘီစီလို ပြည်ပအသံလွှင့်ဌာနတွေက ရှုန်းရှုန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြခြင်းဟာ တပ်မတော်အတွင်းသာမက ကျွန်တော်တို့ပြည်သူများအတွင်းမှာပါ စိတ်ဝမ်းကွဲပြီး ယုန်ထင်ကြောင်ထင် အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရတ်ရတ်သဲသဲ အခြေအနေတွေ ပေါ်ပေါက်လာအောင် ရည်ရွယ်တာပါပဲ။ တည်ဆဲအစိုးရအပေါ် အကြည်ညိုပျက်ပြီး ဆန့်ကျင်တာမျိုး၊ တပ်မတော်ပြိုကွဲတာမျိုးကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယောင်လို့ လိုက်ယောင်၊ အမောင်တောင်မြောက်မသိဘဲ ဗိန်းဗောင်းတီးတိုင်း လူလုံးထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိရောက်အောင် ဘေးတီးတွန်းပို့ပေးနေတာပါပဲ။ ဒီလို အရိုးလိုလို့ အသားတောင်းတဲ့ ကိစ္စမျိုးကို ကျွန်တော်တို့ပြည်သူတွေက အရိပ်ပြရုံနဲ့ အကောင်မြင်ပြီး နားလည်သဘောပေါက်ကြဖို့ အရေးကြီးလှပါတယ်။

ဒီလိုလုပ်နေကြတာလည်း အခုမှ အသစ်အဆန်း မဟုတ်ပါဘူး။ ကျွန်တော်တို့ သက်တမ်းအတွင်းမှာကိုပဲ ပြည်တွင်းပြည်ပ ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဟန်ချက်ညီပူးပေါင်း၊ မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းတွေထွင်ပြီး နိုင်ငံနဲ့ပြည်သူကို ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ။ တပ်မတော်ဖြိုခွဲရေးလုပ်ခဲ့တာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို မဟုတ်မမှန် လုပ်ကြံလီဆယ်စကားတွေဟာ အမှန်တရားနဲ့ရင်ဆိုင်ရတဲ့အခါ တစ်စစီပြိုကွဲလွင့်စဉ် ပျောက်ကွယ်သွားရစမြဲပဲဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၈၈ အရေးအခင်းတုန်းကလည်း ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ တပ်မတော်ဖြိုခွဲရေးကို နည်းလမ်းပေါင်းစုံသုံးပြီး အင်တိုက်အားတိုက် လုပ်ခဲ့ကြပါတယ်။ ဒီနေ့ ဆန့်ကျင်ဘက်အုပ်စုတွေရဲ့ ခေါင်းဆောင်နေရာတွေမှာရှိနေတဲ့ ပုဂ္ဂိုလ်ကြီးငယ်တွေကိုယ်တိုင်က စင်မြင့်ထက်ကနေ တပ်မတော်ဖြိုခွဲရေးစကားတွေကို လျှမ်းလျှမ်းတောက်အာပေါင်အာရင်းသန်သန် ပြောခဲ့၊ ဟောခဲ့တာတွေ မှတ်မိကြဦးမှာပါ။ ဒါ့အပြင် ကြေညာချက်အတုတွေထုတ်ပြီး လေတပ်က ဗုံးတွေကြဲတော့မယ်၊ ရေတပ်က အမြောက်တွေနဲ့ပစ်တော့မယ်၊ တပ်မတော်ကြီး ပြိုကွဲပြီ ဘာဘာညာညာ ဝါစာကမာ လုပ်ကြံထိုးနှက်ဖြိုခွဲခဲ့ကြတာလည်း မေ့ထားရမယ့်ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် တပ်မတော်ကတော့ ဒီလိုသွေးထိုး၊ သွေးခွဲစကားတွေကို လုံးဝနားမယောင်ခဲ့ဘဲ တည်ငြိမ်ရင့်ကျက်မှုအပြည့်နဲ့ နိုင်ငံနဲ့ပြည်သူကို ကယ်တင်စောင့်ရှောက် တာဝန်ယူနိုင်ခဲ့ပါတယ်။ တစ်သွေးတစ်သံ တစ်မိန့်အောက်မှာ စုစည်းမပျက် ညီညွတ်လျက်နဲ့ ပေးအပ်လာတဲ့တာဝန်မှန်သမျှကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါဟာလည်း တပ်မတော်ရဲ့ ပကတိသရုပ်အမှန်ပဲဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီတုန်းက ပြည်သူကို အကြီးအကျယ် လိမ်ညာသွေးထိုးခဲ့တဲ့ ဖြစ်ရပ်တစ်ခု အထင်အရှားရှိခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်က နေမင်း၊ ဌေးအောင်၊ ဌေးကြွယ်၊ ကိုကိုလတ်တို့နဲ့ ပေါင်းပြီး ရန်ကုန်ဆေးရုံကြီးမှာ သူနာပြုလုပ်အားပေးနေတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသူ မအေးငြိမ်းသူနဲ့ လုပ်ကြံအင်တာဗျူးတစ်ခု ဖန်တီးထုတ်လွှင့်ကာ ဆူပူအုံကြွနေတဲ့လူအုပ်ကြီးကို ထိန်းမနိုင်သိမ်းမရဖြစ်တဲ့အဆင့်ရောက်အောင် ဆွပေးဖို့ကြိုးပမ်းခဲ့ပါတယ်။ အေးငြိမ်းသူကလည်း သူမနဲ့ အခြားကျောင်းသူတွေဟာ အင်းစိန်ထောင်မှာ အဓမ္မပြုကျင့်ခံခဲ့ရကြောင်း လုပ်ကြံလိမ်ညာပြောဆိုခဲ့ပါတယ်။ ဒါဟာ အထင်ရှားဆုံးသာဓကပါ။ အလားတူ အခြားသာဓကများကို ထုတ်ပြနေမယ်ဆိုရင်လည်း ဆုံးနိုင်မှာမဟုတ်ပါဘူး။

အခြားသတင်းတစ်ပုဒ် ကြားမိပါသေးတယ်။ ပြည်ပြေးသောင်းကျန်းသူပုဆိန်ရိုးအုပ်စုအဖွဲ့(၂၀)ကျော် ပူးပေါင်းပြီး DAB လို့ခေါ်တဲ့ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်ညီလာခံကို တစ်ဖက်နိုင်ငံ နယ်စပ်တစ်နေရာမှာ ပြီးခဲ့တဲ့ဩဂုတ်လ (၂၁)ရက်ကနေ (၂၄)ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံကနေ ၂၀၁၀ ရွေးကောက်ပွဲဖျက်သိမ်းရေး လှုပ်ရှားမှုတွေကို အပစ်ရပ်အင်အားစုများနဲ့လက်တွဲပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ဖို့ လုပ်ငန်းလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့တယ်လို့ဆိုပါတယ်။ အဲဒီလုပ်ငန်းလမ်းစဉ်တွေထဲမှာ ဘက်ပေါင်းစုံ ဆူပူအုံကြွမှုမှတစ်ဆင့် လူထုတိုက်ပွဲအဆင့် ရောက်လာအောင် တိုးမြှင့်ဖြိုခွဲလုပ်ဆောင်ရေး၊ တပ်တွင်းပြိုကွဲအောင် ဖြိုခွဲတိုက်ခိုက်ရေးဆိုတဲ့အချက်တွေလည်း ပါဝင်ခဲ့တယ်လို့ အင်တာနက်စာမျက်နှာမှာ လေ့လာတွေ့ရှိရပါတယ်။ ဒါတွေကိုကြည့်ရင် ပြည်တွင်းပြည်ပ ပုဆိန်ရိုးအုပ်စုဟာ နိုင်ငံတော်ကိုရော တပ်မတော်ကိုပါ ဖြိုခွဲဖျက်ဆီးနိုင်ဖို့ ရည်မှန်းချက်ကြီးကြီးထားပြီး ဟန်ချက်ညီညီ ချိန်ကိုက်လှုပ်ရှားနေကြတာကို အထင်အရှားတွေ့နိုင်ပါတယ်။

အခုဆိုရင် လမ်းပြမြေပုံ (၇)ဆင့်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ရွေးကောက်ပွဲကြီး နီးလာတာနဲ့အမျှ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အောင်မြင်ဝင့်ကြွားစွာ ပေါ်ပေါက်လာမှာကို လုံးဝမမြင်လို၊ မတွေ့လို၊ မဖြစ်စေလိုကြတဲ့ ပုဆိန်ရိုးအုပ်စုနဲ့ အနောက်အုပ်စုတွေက အနောက်မီဒီယာတွေရဲ့အားကို သုံးပြီး ဖျက်လိုဖျက်ဆီးလုပ်ရပ်တွေကို အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်လာနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လက်ရှိ ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးပျက်ယွင်းမသွားရအောင်၊ ရှေ့မှာ လက်တစ်ကမ်းတောင်မလိုတော့တဲ့ ဒီမိုကရေစီပန်းတိုင် လက်လွှတ်ပျောက်ဆုံးမသွားရအောင် သတိရှိကြဖို့လိုပါတယ်။ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ လိမ့်လုံးညာလုံးတွေ၊ ဖြီးလုံးဖြန်းလုံးတွေဆိုတာ နားလည်သဘောပေါက်ပြီး သိလျက်သားနဲ့ အလိမ်မခံကြဖို့လိုပါတယ်။ လိမ်တဲ့သူကတော့ သူ့ရည်ရွယ်ချက်အတိုင်း ဆက်လိမ်နေဦးမှာဖြစ်လို့ ကျွန်တော်တို့ကလည်း ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူ အကျိုးစီးပွားအတွက် အလိမ်အညာလှိုင်းတွေကို သတိတရားနဲ့ ဆင်ခြင်ရှောင်ရှားကြရမှာသာ ဖြစ်ပါတယ်။

ဒီနေ့ပြည်သူက တပ်မတော်အပေါ် ယုံကြည်အားကိုးမှုအပြည့်နဲ့ အားတက်သရော ထောက်ခံအားပေးလျက်ရှိပါတယ်။ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ဖြစ်ထွန်း ရှင်သန်နိုင်အောင်၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ဒီမိုကရေစီကို အသွင်ကူးပြောင်းနိုင်အောင် တပ်မတော်ဟာ အဓိကအခန်းကဏ္ဍက ပါဝင်ဖို့ မဖြစ်မနေ လိုအပ်တယ်လို့လည်း နားလည်ခံယူစွဲမြဲထားကြပါတယ်။ တပ်မတော်ခိုင်မာပါမှ နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်ခိုင်မာမှာ ဖြစ်သလို တပ်မတော် အင်အားတောင့်တင်းပါမှ အနာဂတ် နိုင်ငံတော်ရဲ့ အင်အားတောင့်တင်းကြံ့ခိုင်မှာ ဖြစ်တဲ့အတွက် ပြည်သူက တပ်မတော်ကို ယုံကြည်အားကိုးပြီး အင်အားတောင့်တင်း ခိုင်မာစေချင်တာလည်း အမှန်ပါပဲ။ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမယ်ဆိုတာကို ကျွန်တော်တို့ အကြွင်းမဲ့ လက်ခံယုံကြည်ထားပြီးဖြစ်ပါတယ်။

- ✳ **VOA, BBC** - ရန်တိုက်ပေးနေသည်။
- ✳ **RFA, DVB** - သွေးထိုးနေသည်။
- ✳ ခလောက်ဆန် အကောက်ကြံ
  လေလှိုင်းသံ လူသတ်သမား
  နားမယောင်လေနဲ့ သတိထား။

ဒီသတိပေးစာတန်းလေးကို နေ့စဉ်ထုတ်သတင်းစာတွေမှာရော၊ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှာပါ ဖော်ပြထုတ်လွှင့်နေတာ ကြာခဲ့ပါပြီ။ ကလိမ်စေ့ငြမ်းဆင် အလိမ်တကော့ ဘုရင်တွေရဲ့ မိုးလုံးပြည့် မုသာဝါဒမှိုင်းတွေကို သတိထားနိုင်ပြီး ပြည်သူတွေ အလိမ်အညာမမိစေဖို့ သက်ဆိုင်ရာက အမြဲမပြတ် သတိပေးနေခြင်းဖြစ်ပါတယ်။ ဒီသတိပေးချက်မှာ ပြည်သူတွေ အပေါ်ထားတဲ့ နိုင်ငံတော်ရဲ့စေတနာကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။ ဒါကြောင့် ခလောက်ဆန် အကောက်ကြံနေတဲ့ လေလှိုင်းသံ လူသတ်သမားတွေရဲ့ မိုးလုံးပြည့် မုသာဝါဒတွေကို လုံးဝနားမယောင်ဘဲ ကျွန်တော်တို့ပြည်သူတွေက ၂၀၁၀ရွေးကောက်ပွဲအောင်မြင်ရေးနဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပန်းတိုင်အရောက် လှမ်းလျှောက်နိုင်ရေးကိုသာ အစဉ်ထာဝရ နှလုံးသွင်းပြီး စုစည်းမပျက် ရှေ့ခရီးဆက် သွားကြရမှာသာ ဖြစ်ပါကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါတယ်။ ။

ဦးပိန်တံတားပေါ်၌ ကမ္ဘာလှည့်ခရီးသွားများ ဤသို့ အပန်းဖြေအနားယူနေကြသည်။

● ရှေ့ဖုံးမှ

တောင်သမန်အင်းနှင့် ဦးပိန်တံတားကား ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုအဖြစ် ရပ်တည်လျက်ရှိပေသည်။

အံ့သြစရာ

တောင်သမန်အင်းပေါ် ဖြတ်သန်းဖောက်လုပ်ထားသော ဦးပိန်တံတားအပေါ်ရောက်သည်နှင့် အပန်းဖြေ လာရောက်သူများ၊ အနယ်နယ်အရပ်ရပ်မှ လေ့လာရေးရောက်ရှိနေသူများနှင့် ကမ္ဘာလှည့်ခရီးသွားများကို အုပ်စုလိုက်မြင်တွေ့ရသည်။ ဦးပိန်တံတား တည်ဆောက်ထားမှု၊ တံတားတိုင်သစ်လုံးများ၏ခိုင်ခံ့မှု၊ ရှေးခေတ်မြန်မာတို့၏ တံတားဆောက်လုပ်မှုနည်းပညာများကား ကမ္ဘာလှည့်ခရီးသွားများအတွက် အံ့သြစရာ၊ လေ့လာစရာများပင်။

ထိန်းသိမ်း

တံတားကို ဦးဆောင်တည်ဆောက်ခဲ့သူမှာ မြို့စာရေးဦးပိန်ဖြစ်ပြီး ၁၂၁၁ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ၁၂၁၃ ခုနှစ်၌ ပြီးစီးခဲ့လေသည်။ တံတားအရှည်မှာ ၇ ဒသမ ၈ ဖာလုံရှိပြီး တံတားတိုင်လုံးပေါင်း ၁၀၈၆လုံးရှိသည်။ တံတားတိုင်ခန်းပေါင်း ၄၈၂ ခန့်ရှိပြီး နားနေနိုင်သည့် ဇရပ် လေးဆောင်ပါဝင်သည်။ လက်ရှိ၌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်များဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ခန့်က မြန်မာတို့၏ တံတားတည်ဆောက်မှုအတတ်ပညာ၊ မြန်မာ့အဖိုးတန် ကျွန်းသစ်တို့၏ အရည်အသွေး မြင့်မားမှုတို့ကို ဖော်ညွှန်းပြဆိုရာ အကောင်းဆုံးပြယုဂ်တစ်ခုပင် ဖြစ်သည်။ မန္တလေးမြို့ရောက်ရှိလျှင် ကမ္ဘာလှည့်ခရီးသွားများ အရောက်လာကြသည့် နေရာတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေသည်မှာ ဖြစ်ရပ်မှန်ပင်။ ဦးပိန်တံတားအပေါ် ဖြတ်လျှောက်ရင်း အတိတ်ကို စိတ်လည်သွားမှုမှ ရပ်လိုက်ရာ ကမ္ဘာလှည့် ခရီးသွားအုပ်စုတစ်စုအနီး ရောက်ရှိနေမှန်း သတိပြုမိသည်။ ဦးပိန်တံတားကို လာရောက် လေ့လာမှုအပေါ် တွေ့ဆုံဆွေးနွေးစကား ဆိုဖြစ်ခဲ့ကြသည်။ "ဒို့နာမည်က စင်သီယာပါ။ စပိန်နိုင်ငံ မက်ဒရစ်မြို့ကပေါ့၊ မန္တလေးမြို့ ရောက်ချိန်မှာ ဒီတံတားကို ပထမဆုံးရောက်ခဲ့တာပဲ။

ဒို့နိုင်ငံတွေမှာ အခုလို စက်ယန္တရားတွေ မပါဘဲ လူလုပ်အားနဲ့ ဆောက်လုပ်ခဲ့တဲ့ သစ်သားတံတားတွေ မရှိပါဘူး၊ ဟိုအရင်တုန်းကလည်း မရှိခဲ့ဘူး၊ မြန်မာတွေရဲ့ စေတနာနဲ့လုပ်ရပ်တွေကို တကယ်လေးစားပါတယ်။ မြင်တွေ့လေ့လာရတာ တကယ့်ကို စိတ်ချမ်းသာစရာပါပဲ"ဟု စပိန်ခရီးသွားအုပ်စုမှ အသက်ငယ်ဆုံး စင်သီယာဆိုသည့် အမျိုးသမီးငယ်က ပြောပြသည်။

လေ့လာ

စပိန် ကမ္ဘာလှည့်ခရီးသွားများနှင့် စကားပြောရင်း တံတားပေါ်ဖြတ်သန်းခဲ့ရာ နိုင်ငံမျိုးစုံမှ ခရီးသွား ဧည့်သည်များ စိတ်လက်ပေါ့ပါးလန်းဆန်းစွာ လေ့လာဓာတ်ပုံရိုက်နေကြသည်ကို မြင်တွေ့ရသည်။ မိုးရာသီကာလဖြစ်သော်လည်း ခရီးသွားဧည့်သည်အများအပြား မပြတ်တမ်းလာရောက်လေ့လာနေကြသည်ကို တွေ့ရသည်။ တောင်သမန်အင်းကား ရေပြည့်နေချိန်ဖြစ်ရာ လှော်ခတ်သွားလာနေသော လှေငယ်လေးများ၊ မယ်ဇယ်ပင်တန်းနှင့် တံတားအလှကို ပေါင်းစပ်လိုက်ပါက ကြည်နူးချမ်းမြေ့စရာမြင်ကွင်း၊ သက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်ကို မြင်တွေ့လိုက်ရသကဲ့သို့ပင်။

နိုင်ငံတကာ၌ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရန် ဆွဲဆောင်မှုများ တမင်ဖန်တီး၍ ကြိုးစားနေချိန်၌ သမိုင်းကထားရှိခဲ့သည့် ရှေးဟောင်းအဆောက်အအုံများနှင့်လက်ရာများက မြန်မာနိုင်ငံတစ်ဝန်း၌ အပြည့်အလျှံရှိနေသည်။ သဘာဝကို မပျက်ယွင်းစေသည့် ထိန်းသိမ်းမှု၊ မူရင်းကိုမထိခိုက်စေသော စောင့်ရှောက်မှုများဖြင့် ဦးပိန်တံတားကား ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိနေသည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရသည်။

ခြယ်မှုန်းဖြည့်စွက်

စိတ်အားထက်သန်စွာလေ့လာနေသော ကမ္ဘာလှည့်ခရီးသွားများ၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူနေသော ခရီးသွားအုပ်စုများ၊ တံတားတိုင်များကို အနီးကပ် ကိုင်တွယ်ကြည့်ရှုလေ့လာနေကြသော ကမ္ဘာလှည့်ခရီးသွား သုတေသနပညာရှင်များ၏ စိတ်ဝင်တစားရှိမှုများကား မြန်မာ့ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် တောင်သမန်အင်းပေါ်က ဦးပိန်တံတား၏ အလှနှင့် သမိုင်းတန်ဖိုးကို ထပ်ဆင့်မြှင့်တင် ခြယ်မှုန်းဖြည့်စွက်လျက်ရှိနေပါကြောင်း....။ ။ **(မြန်မာ့အလင်း)**

"မြင်တွေ့လေ့လာရတာ တကယ်စိတ်ချမ်းသာစရာပါ"။
စပိန်နိုင်ငံသူ စင်သီယာ။

စပိန်ကမ္ဘာလှည့်ခရီးသွားများအား တွေ့ဆုံမေးမြန်းစဉ်။

တောင်သမန်အင်းကို ဖြတ်သန်းဆောက်လုပ်ထားသော ဦးပိန်တံတားနှင့် မယ်ဇယ်ပင်တို့၏ မြင်ကွင်းအလှ....။

အာကာသသိပ္ပံသုတ

စေတန်ဂြိုဟ်နှင့်တူသော ကမ္ဘာများ။

စေတန်ဂြိုဟ်နှင့်တူသည့် ကမ္ဘာကြီးနှစ်လုံးတွေ့ရှိ

မြင့်မောင်စိုး-ရေးသားသည်

နာဆာ စက်တင်ဘာ ၂

စကြဝဠာအတွင်းမှာ ဂလက်ဆီပေါင်းများစွာ ရှိပါတယ်။ ဒီစကြဝဠာကြီးထဲက Milkway ဆိုတဲ့ ဂလက်ဆီထဲမှာ ကျွန်ုပ်တို့လူသားများ နေထိုင်တဲ့ နေအဖွဲ့အစည်း ရှိပါတယ်။ ဒီနေအဖွဲ့အစည်းအတွင်းမှာတော့ ဂြိုဟ်ကြီးကိုးလုံး ရှိပါတယ်။

ပယ်ဖျက်ထား

ဒီဂြိုဟ်ကြီးတွေကတော့ မာကျူရီဂြိုဟ်၊ ဗီးနပ်စ်ဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ မားစ်ဂြိုဟ်၊ ဂျူပီတာဂြိုဟ်၊ စေတန်ဂြိုဟ်၊ ယူရေးနပ်စ်ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်နဲ့ ပလူတိုဂြိုဟ်တို့ပဲ ဖြစ်ပါတယ်။ ပလူတိုဂြိုဟ်ကိုတော့ သိပ္ပံပညာရှင်တို့က ဂြိုဟ်သိမ်ဂြိုဟ်မွှားလို့ဆိုပြီး ဂြိုဟ်စာရင်းကနေ ပယ်ဖျက်ထားတယ်လို့ ဆိုပါတယ်။

ပြောကြား

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)အဖွဲ့က လွှတ်တင်ထားတဲ့ Kepler Planet-hunter ဆိုတဲ့ ဂြိုဟ်စူးစမ်းလေ့လာရေး အာကာသယာဉ်ဟာ စေတန်ဂြိုဟ်အရွယ်ရှိတဲ့ ဂြိုဟ်နှစ်လုံးကို ရှာဖွေတွေ့ခဲ့တယ်လို့ နာဆာအဖွဲ့က ဩဂုတ် ၂၆ရက်မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီဂြိုဟ်ကြီးတွေဟာ လူသားတွေနေထိုင်တဲ့ ကမ္ဘာဂြိုဟ်ထက်ပင် ပိုကြီးမယ်လို့ နာဆာသိပ္ပံပညာရှင်တွေက ဆိုပါတယ်။ ဒီဂြိုဟ်ကြီးတွေကို ထပ်မံလေ့လာသွားမယ်လို့ နာဆာအဖွဲ့မှ မက်သရူးဟိုမန်းနဲ့ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက သိပ္ပံမဂ္ဂဇင်းကို ပြောကြားခဲ့ပါတယ်။

Kepler အဝေးကြည့်မှန်ပြောင်း အာကာသယာဉ်ကို နာဆာအဖွဲ့က ပြီးခဲ့တဲ့နှစ်မှာ အာကာသသို့ စေလွှတ်ခဲ့ပါတယ်။ ဒီ Kepler မှန်ပြောင်းအာကာသယာဉ်မှာ အလွန်ကြီးမားတဲ့ ကင်မရာမှန်ဘီလူး တပ်ဆင်ထားတယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိခဲ့တဲ့ ဂြိုဟ်ကြီးတွေဟာ ကျွန်ုပ်တို့ လူသားများနေထိုင်တဲ့ နေအဖွဲ့အစည်းရဲ့ နောက်မှာရှိတယ်လို့ ဆိုပါတယ်။ စေတန်ဂြိုဟ်လို အရွယ်ကြီးမားတဲ့အရာတွေကိုတော့ ကမ္ဘာဟု ခေါ်ဆိုကြပါတယ်။ ဒီတွေ့ရှိခဲ့တဲ့ ကမ္ဘာဂြိုဟ်နှစ်လုံးဟာ စေတန်ဂြိုဟ်နဲ့ အရွယ်တူညီတယ်လို့ ဆိုပါတယ်။ ဒီဂြိုဟ်နှစ်လုံးကို Kepler=9b နဲ့ Kepler=9c လို့ အမည်ပေးထားကြပါတယ်။ ဒီဂြိုဟ်နှစ်လုံးရဲ့ အချင်းဝက်နဲ့ ဒြပ်ထုဟာ စေတန်ဂြိုဟ်ထက် အနည်းငယ် သေးငယ်တယ်လို့ ဆိုပါတယ်။

ရှင်းပြ

"ဒီဂြိုဟ်တွေကို ကျွန်တော်တို့ နာဆာ စူးစမ်းလေ့လာရေးအဖွဲ့အနေနဲ့ ပထမဆုံးတွေ့ခဲ့တာဖြစ်ပါတယ်။ နေအရွယ်အစားလောက်ရှိတဲ့ အလင်းနှစ်အားကောင်းတဲ့ ကြယ်ကြီးတွေဟာလည်း အဲဒီဂြိုဟ်တွေနဲ့ နီးကပ်စွာရှိနေပါတယ်" လို့ နာဆာမှ နက္ခတ္တဗေဒပညာရှင် ဒေါက်တာ ဟိုဂ်မန်းက ရှင်းပြပါတယ်။

အမေရိကန်အာကာသ အေဂျင်စီရဲ့ Kepler Planet-hunter ဆိုတဲ့ အာကာသစူးစမ်းလေ့လာရေး အာကာသယာဉ်က ဒီဂြိုဟ်တွေနဲ့ ပတ်သက်လို့ ဆက်လက်ပြီးတော့ လေ့လာမှုတွေ ပြုလုပ်သွားဦးမယ်လို့ ၎င်းက ပြောပါတယ်။ ။

ကိုးကား-အင်တာနက်

ခြင်ဆေးခွေအသုံးပြုကြသောပြည်သူများအတွက် သတိပေးထုတ်ပြန်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဈေးကွက် အတွင်း ရောင်းချနေသော ခြင်ဆေးခွေအချို့မှာ တရားဝင်ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

မြန်မာနိုင်ငံပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင်လည်း တရားဝင် မှတ်ပုံတင်ခွင့်ပြုချက် ရယူထားခြင်းမရှိပါ။ ယင်းခြင်ဆေးခွေများတွင် အဆိပ်ရှိ ပစ္စည်းပါဝင်မှု ပမာဏမှာလည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက သတ်မှတ်ထားသော အမြင့်ဆုံးပါဝင်မှု ပမာဏထက် ပိုမိုပါဝင်နေပါသဖြင့် အသုံးပြုသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

သို့ပါ၍ အဆိုပါခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိ ပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများကို တင်သွင်းခြင်း၊ ရောင်းချခြင်းတို့ကို တားဆီး အရေးယူခြင်းနှင့် သိမ်းဆည်းမှု ပြုလုပ်ရန် (၁၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ထားကြောင်း သတိပေးထုတ်ပြန်လိုက်သည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

3-9 (10).pmd 1 9/3/2010, 2:52 AM

ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ဖွင့်လှစ်သော သင်တန်းများဆင်းပွဲ

ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၃၀ရက် ညနေ၄နာရီခွဲက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) အဆင့်မြင့်သင်တန်း၊ လက်ထောက်အင်ဂျင်နီယာ (ရေ/သန့်) အခြေခံသင်တန်း၊ လမ်းအရည်အသွေး စမ်းသပ်တိုင်းတာ ကွပ်ကဲခြင်း (အင်ဂျင်နီယာ)သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ (မွမ်းမံ) သင်တန်းနှင့် စာရင်းကိုင်အဆင့်(၄) မွမ်းမံသင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) ဦးကျင်မောင်က သင်တန်းများ၏ သင်တန်းသားခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ အဆိုပါသင်တန်းများတွင် သင်တန်းသားစုစုပေါင်း၁၄၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၇ဦး တက်ရောက်ကြပြီး ဩဂုတ်၃၁ရက်မှ စက်တင်ဘာ ၄ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

အလှူငွေလှူဒါန်း

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ ဏ္ဍစ္စတံဆိပ်စက်၊ ဆန်စက်နေ ဦးအောင်သန်း-ဒေါ်သန်းမိသားစုက ဒေါ်သန်းသန်း မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁) အဝေးပြေးလမ်းကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စာအုပ် စာပေ လူ့မိတ်ဆွေ

ဆောမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

ဆော စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲ ကွင်းပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၅ရက်က ကျင်းပသည်။

ဆုဖလားချီးမြှင့်

ဆုပေးပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ကြပြီး ပထမရရှိသော ဇေယျာရပ်ကွက်အသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုဖလားချီးမြှင့်ပြီး ကျန်ဆုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(အပေါ်ပုံ) (မြို့နယ် အား/ကာ)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း ကော်မတီနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ရက် မွန်းလွဲ ၁နာရီက သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင် ဇေယျာနှင့်သဇင်တို့က ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသား လူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေးနှင့် စည်းကမ်းရှိရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမင်းဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

အဆင့်မြှင့်တင်

အလားတူ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရုပ်ရှင်သရုပ်ဆောင် မိုးယံဇွန်နှင့် ခွန်းဆင့်နေခြည်တို့က ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေးနှင့် စည်းကမ်းရှိရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မင်းဇော်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၄-၉-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇:၀၅	နိုင်ငံတော်သီချင်း+ ကြေညာချက် တရားတော် (တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော်) (မေတ္တသုတ်+ဂုဏ်တော်ကွန်ချာ) မမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ စံတော်ချိန် + သတင်း
၈:၀၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	လောကနီတိအသိရှိစေဖို့ (နှလုံးလှအဆုံးအမတော်များ-၅) တေးပဒေသာ
၈:၄၀	ဘဝအသွင်ကဗျာ့အမြင် (တောင်ကျရေ) တေးပဒေသာ
၁၀:၀၀	မွေးနေ့လက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း-၆
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်-ဒရယ်နှင့်သူ့မိတ်ဆွေများ)
၁၁:၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅	ဇာတ်လမ်းပမာနားဆင်စရာ **အမေ** တေးပဒေသာ
၁၂:၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၅)
၁၂:၂၀	ယဉ်ကျေးမှုအနုပညာ (ဒေါင်းရွှေလုပ်ငန်း)
၁၂:၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ခေတ်မရွေးသောတေးများ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၄၅	ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀	တေးပဒေသာ
၁၉:၁၅	ရေဒီယိုအတိတ် တေးအရိပ်
၁၉:၃၀	ကျန်းမာရေးရာသိကောင်းစရာ (ခန္ဓာကိုယ်ကျန်းမာရေး ရေကိုအလေးထားသောက်သုံးပေး) တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀:၄၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀	Radio Internet (25)
၂၁:၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် ဆက်လက်ပြသ

ဒါရိုက်တာကိုဇော် (အရဏ်ဦး)၏ **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဇာတ်ကားမှာ ယခုအပတ် သောကြာတွင် တတိယပတ်မြောက်အဖြစ် ပြသနေဆဲဖြစ်သည်။ ယင်းဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများနှင့် နဝဒေးရုံတို့တွင် ကြည့်ကြရမည်ဖြစ်သည်။

စီအိုင်အေအရုပ်တော်ပုံ

ရှေ့ဆောင်ရုံတွင် နီကိုလ်လပ်ကေ့ရှ်၏ မှော်ဆရာဇာတ်ကား **The Sorcerer's Apprentice** ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် အင်ဂျလီနာဂျိုလီ၏ စီအိုင်အေ အရုပ်တော်ပုံ **Salt အက်ရှင်ဇာတ်ကား** ဆက်လက်ပြသနေဆဲ ဖြစ်သည်။

အသည်းကွဲဒယ်ဒီ

ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ ချစ်သုဝေ၊ လှအဥ္စလီတင့်တို့ အဓိကပါဝင်ထားသည့် **အသည်းကွဲဒယ်ဒီ**အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ရုံဝင်လာသည်။ မိဘမေတ္တာဘွဲ့ ဟာသဇာတ်မြူးကား ဖြစ်သည်။

House Full ရုံတင်

စက်တင်ဘာ ဒုတိယပတ်အတွင်း ကျရောက်မည့် အစ်ပွဲတော်အတွက် အထူးတင်ဆက်မည့် House Full အိန္ဒိယဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ရုံဝင်လာမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် မင်းသား အက်ရှေးကူးမားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည်။ **(မြန်မာ့အလင်း)**

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်ဇာတ်ကားမှ ပြေတီဦးနှင့်သက်မွန်မြင့်တို့၏ သရုပ်ဆောင် အမူအရာ။

ငါးမျိုး စိုက်ထည့်

ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမျိုးပွားရေးအတွက် ရွှေကျင်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးကျော်တိုးနှင့် ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများ ဩဂုတ် ၂၈ရက်က မြစ်ချောင်း အတွင်း ငါးမျိုး စိုက်ထည့်ကြစဉ်။ (၃၂၉)

3-9 (11).pmd 1 9/3/2010, 2:52 AM

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် စက်တင်ဘာ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၆ရက်တွင် ဆီမီးဖိုင်နယ်ပထမပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း၊ စက်တင်ဘာ ၇ရက်တွင် ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၆ရက်က ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ကွမ်းလုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စံထားဖြူ ဆုများပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် မိခင်နှင့်ကလေး)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အစ္စရေး-ပါလက်စတိုင်း တိုက်ရိုက်ဆွေးနွေးပွဲစတင်

တိုး ➤ ရေးသားသည်

၁၉၆၇ခုနှစ် ဇွန်လက ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်း စစ်ပွဲပြီးကတည်းက နှစ်ပေါင်း ၄၀ကျော်ကြာ ကာလအတွင်းတွင် ငြိမ်းချမ်းရေးအစီအစဉ် အများအပြားနှင့် စေ့စပ်ဆွေးနွေးပွဲ အများအပြား ပြုလုပ်ခဲ့ကြသည်။

တိုက်ရိုက်ဆွေးနွေး

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အခရာကျသော ပါလက်စတိုင်း-အစ္စရေးပြဿနာ ပြေလည်စေရန် အစ္စရေး-ပါလက်စတိုင်း တိုက်ရိုက်ဆွေးနွေးပွဲများကို နော်ဝေးနိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ၁၉၉၃ခုနှစ် ဇန်နဝါရီလက စတင်ခဲ့သည်။

ယခုအခါ အမေရိကန်၏ ကြားဝင်စီစဉ်မှုဖြင့် ဝါရှင်တန်မြို့၌ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့၏ထိပ်သီးချင်း တိုက်ရိုက်ဆွေးနွေးပွဲကို စက်တင်ဘာ ၂ရက်တွင် စတင်လိုက်ပြီ ဖြစ်သည်။

ပြန်လည်စတင်နိုင်

ဤအကြိမ်ဆွေးနွေးပွဲမှာ ၂၀၀၈ခုနှစ်ကုန်ပိုင်းက ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ အကြီးအကျယ် စစ်ဆင်ပြီးနောက် ပထမဆုံးသော ပါလက်စတိုင်း-အစ္စရေး တိုက်ရိုက်ဆွေးနွေးပွဲ ဖြစ်သည်။ တစ်နည်းဆိုရသော် လပေါင်း ၂၀အတွင်း တိုက်ရိုက်ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ခြင်းပင်ဖြစ်သည်။

တိုက်ရိုက်ဆွေးနွေးပွဲကို အချိန်ကန့်သတ်ချက်တစ်နှစ်ထားရန် နှစ်ဖက်စလုံးက သဘောတူထားသည့်အတွက် ကန့်သတ်ချိန်အတွင်း ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိစေကြောင်း အရှေ့အလယ်ပိုင်း ပြည်သူများနှင့်ကမ္ဘာ့ပြည်သူများက ဆုတောင်းနေကြသည်။

သို့သော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ တက်ရောက်သည့် ဝါရှင်တန်တိုက်ရိုက်ဆွေးနွေးပွဲမှာ သတ်မှတ်ချိန်သာလျှင် ကုန်ဆုံးသွားမည်၊ ပြဿနာအားလုံး ညှိနှိုင်းပြေလည်သွားလိမ့်မည်ဆိုတာကိုတော့ မျှော်လင့်မထားရန် ဝေဖန်ဆန်းစစ်သူများက ကြိုတင်သတိပေးထားသည်။

အဘယ်ကြောင့်ဟူမူ ပဋိပက္ခ၏ အဓိကအကြောင်းအရာများဖြစ်သည့် ဂျေရုဆလင်အရေး၊ နယ်စပ်ပြဿနာအိုးအိမ်အခြေချနေထိုင်မှု၊ ဒုက္ခသည်အရေး၊ လုံခြုံရေးကိစ္စ စသည်တို့တွင် သုံးပွင့်ဆိုင်သဘောထားတိုက်ဆိုင်ရန်မှာ ညှိ၍မရစကောင်း လောက်ဟူ၍ ဝေဖန်ကြသည်။

ဆော်ဩ

စက်တင်ဘာ ၂ရက် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ တိုက်ရိုက်ဆွေးနွေးပွဲ မစမီတစ်ရက်အလိုတွင် အမေရိကန်သမ္မတ အိုဘားမားက ထာဝစဉ်ငြိမ်းချမ်းရေး သဘောတူညီမှုရရှိရေးအတွက် ပေါ်ပေါက်လာသည့် အခွင့်အရေးကို လက်လွှတ်မခံကြရန် အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်များအား ဆော်ဩတိုက်တွန်းထားသည်။

ယခုကြုံကြိုက်သည့် အခွင့်အရေးမျိုး မကြာမီတွင် ထပ်မံကြုံတွေ့သော်မှ ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း သမ္မတ အိုဘားမားက သတိပေးခဲ့သည်။

ပြောကြား

အမေရိကန်သမ္မတအိမ်ဖြူ၌ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု၊ ပါလက်စတိုင်းသမ္မတ အဘတ်စ်၊ ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ၊ အီဂျစ်သမ္မတ မူဘာရက်တို့နှင့် စက်တင်ဘာ ၁ ရက်က တွေ့ဆုံအပြီးတွင် သမ္မတ အိုဘားမားက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မစ္စတာအဘတ်စ်နှင့် မစ္စတာနေတန်ယာဟုတို့သည် ငြိမ်းချမ်းရေးကိုလိုလားသည့် ခေါင်းဆောင်များဖြစ်သည်ဟု ယုံကြည်ကြောင်းဖြင့်လည်း သမ္မတအိုဘားမားက ချီးကျူးပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်များ၏ တိုက်ရိုက်ဆွေးနွေးပွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လည်း တက်ရောက်ခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်တို့သည် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခချုပ်ငြိမ်းစေမည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

ဤတိုက်ရိုက်ဆွေးနွေးပွဲတွင် နှစ်ဖက်စလုံးမှ အလျှော့အတင်းလိုက်လျော ညီထွေဖြစ်အောင် လုပ်ရန်လိုကြောင်း မစ္စတာနေတန်ယာဟုက ပြောကြားသည်။

အလားတူပင် မစ္စတာအဘတ်စ်ကလည်း အစ္စရေးတို့အနေဖြင့် အိမ်ရာအခြေတကျ တည်ဆောက်နေမှုများ အဆုံးသတ်ရန်နှင့် ဂါဇာကမ်းမြောင်ဒေသ ပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းပေးရန် ဆော်ဩလိုက်သည်။

လက်တွဲဖော်

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကလည်း မိမိတို့နိုင်ငံက ပဋိပက္ခအပြီးတိုင် ချုပ်ငြိမ်းပြီး သားစဉ်မြေးဆက်ရှည်ကြာသည့်ငြိမ်းချမ်းရေးကို ရှာကြံကြိုးပမ်းမည်ဖြစ်ကြောင်း၊ မစ္စတာအဘတ်စ်သည် ငြိမ်းချမ်းရေးအတွက် မိမိနှင့် လက်တွဲဖော်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဤသို့ဖြင့် ခေါင်းဆောင်များ၏ သဘောထားများ၊ ထင်ကြေးများ၊ ကြိုးပမ်းချက်များနှင့်အတူ စက်တင်ဘာ ၂ရက်နေ့တွင် ဆွေးနွေးပွဲ စတင်ခဲ့သည်။ ဆွေးနွေးပွဲမှာ မပြီးပြတ်သေး။ ဤတိုက်ရိုက်ဆွေးနွေးပွဲကို နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်ဖြင့် စက်တင်ဘာ ၁၄ရက်နှင့် ၁၅ရက်သို့ ရွှေ့ဆိုင်းလိုက်ကြသည်။ အရှေ့အလယ်ပိုင်းပြည်သူများ မျှော်လင့်နေကြသည့် အစ္စရေး-ပါလက်စတိုင်း တိုက်ရိုက် ဆွေးနွေးပွဲ၏ အဖြေကိုကား စောင့်မျှော်နားစွင့်နေကြရဦးမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

✻ *ကျောဖုံးမှ*

ပြိုင်ပွဲကို အမျိုးသားအလွတ်တန်းအဆင့်နှင့် သက်ငယ်တန်းအဆင့်၊ အမျိုးသမီးအလွတ်တန်းအဆင့်ဟူ၍ ကျင်းပရာ အဆင့်တိုင်းတွင် အကောင်းဆုံးကစားသမားတစ်ဦးစီ ရွေးချယ်ပြီး ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်ပေးသည်။

တွေ့ဆုံဆွေးနွေး

ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ကြသော လက်ဝှေ့အဖွဲ့ ၁၇ဖွဲ့တွင် ပြည်နယ်၊ တိုင်းဒေသကြီး ကိုယ်စားပြု၊ ဝန်ကြီးဌာန ကိုယ်စားပြု၊ တိုင်းတပ်မ ကိုယ်စားပြု လက်ဝှေ့အဖွဲ့များသာမကပဲ P.T.C (ဖိုးသီးချို)ကလပ်၊ မော်ကျွန်းကလပ်၊ဒေးဒရဲကလပ်၊ ဖွဲ့လူငယ်ကလပ်၊ ရွှေလက်အိတ်ကလပ်ကဲ့သို့ ပုဂ္ဂလိကကလပ်များလည်း ပါဝင်သည်။ ဤသည်မှာ၂၀-၆-၂၀၁၀ရက်က သုဝဏ္ဏတွင် ကျင်းပခဲ့သော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သစ်နှင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ ဝန်ကြီးဌာနတို့မှ လက်ဝှေ့ကော်မတီများသာမက အနယ်နယ်အရပ်ရပ်တွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရပ်တည်နေကြသော လက်ဝှေ့ကလပ်အသီးသီးမှ ကိုယ်စားလှယ်များနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့သည့် ရလဒ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အား ၁၀၇ ဦး ရှိခဲ့သည်။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်က လာမည့် ၂၀၁၁ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာလက်ဝှေ့အဖွဲ့ အောင်မြင်မှုစတင်ရယူရန်၊ မြန်မာနိုင်ငံက ၂၀၁၃ခုနှစ်တွင် အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲတွင် အိမ်ရှင်ပီသစွာ မြန်မာလက်ဝှေ့အဖွဲ့ အောင်ပွဲခံနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ စက်တင်ဘာ ၆ရက်မှ ၁၈ရက်အထိ ဘာဘေးဒိုးနိုင်ငံ၌ ကျင်းပမည့် အမျိုးသမီးကမ္ဘာ့ချန်ပီယံရှစ် လက်ဝှေ့ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ နည်းပြချုပ် ဦးတင်မောင်ဖေ ဦးဆောင်၍ အမျိုးသမီးလက်ဝှေ့မယ် ကြူကြူသင်း (၄၈ကီလိုတန်း)၊နှင်းမို့မို့နိုင် (၅၁ ကီလိုတန်း)တို့ သွားရောက်ကြပြီဖြစ်သည်။

ပြန်ရောက်လာ

ထိုသို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ လုပ်ဆောင်မှုများနှင့် ရည်ရွယ်ချက်များကို အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က “ကျွန်တော်တို့ စလုပ်ကြတော့မယ်ဆိုကတည်းက ဥက္ကဋ္ဌ ဦးရန်ဝင်းကို ပြောပါတယ်၊ အစ်ကိုကြီး ကျွန်တော်တို့ကို ဒီတာဝန်ယူစေချင်တယ်ဆိုရင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရမှာပါ၊ လုပ်ပြီဆိုရင်တော့ မဖြစ်မနေ နောက်မဆုတ်တမ်း အောင်မြင်အောင်လုပ်ကြမှ ဖြစ်မယ်လို့၊ အခု ကျွန်တော်တို့တစ်ဖွဲ့လုံး အဲဒီစိတ်နဲ့ပဲ အရှေ့တောင်အာရှမှာ မြန်မာလက်ဝှေ့ထိပ်တန်းအဆင့် ပြန်ရောက်လာအောင် ငွေအား၊ လူအား စိုက်ထုတ်ပြီး အပြည့်အဝ လုပ်ဆောင်နေကြပါတယ်” ဟု ပြောကြားသည်။ ဦးတင်လှိုင်၏ ပြောကြားချက်များတွင် နိုင်ငံတကာအဆင့်မီ လက်ဝှေ့လေ့ကျင့်ရေးအားကစားရုံကို သုဝဏ္ဏတွင် ငွေကျပ်သိန်း ၁၅၀၀ သုံးစွဲ တည်ဆောက်ရန် ပန္နက်ရိုက်ပြီး မြေကြီး လုပ်ငန်းပင် စတင်ဆောင်ရွက်နေကြောင်းလည်း ပါဝင်သည်။ ထို့အပြင် ပြည်နယ်၊ တိုင်းဒေသကြီး၊ ဝန်ကြီးဌာန၊ ပုဂ္ဂလိကအဖွဲ့များသို့ အားကစား လေ့ကျင့်ရေးပစ္စည်းများ ပံ့ပိုးနိုင်ရန် ပြည်ပမှ ဝယ်ယူထားပြီ ဖြစ်ကြောင်း၊ ဒေသဆိုင်ရာပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပသွားရန် ပံ့ပိုးပေးမည့်အကြောင်းလည်း သိရသည်။

အလေးထားဆောင်ရွက်

လက်ရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းတွင် ရောက်ရှိနေသည့် အားကစားသမားများကို နေရေး၊ စားရေး၊ ဝတ်စုံ၊ အာဟာရဖြည့်အစားအစာ၊ ဆေးဝါး လိုလေသေးမရှိ ပံ့ပိုးထားသည်။ ပြည်တွင်း၌ ဤကဲ့သို့ ဆောင်ရွက်နေပြီး ပြည်ပကမ္ဘာနှင့် ဆက်ဆံရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင်၂၈ရက်က ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နဲ့ အမှုဆောင် ဦးအာကာကြိုင်တို့ ပါဝင်သောအဖွဲ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုင်းလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်သာမက အာရှလက်ဝှေ့အဖွဲ့ချုပ်၊ အာဆီယံလက်ဝှေ့အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များနှင့်ပါ ဆွေးနွေးခဲ့ကြသည်။

အခြေခံကောင်းများ

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ မျှော်မှန်းချက်သည် အရှေ့တောင်အာရှတွင်သာမက ကမ္ဘာ့လက်ဝှေ့စင်မြင့်သို့ပါ မြန်မာ့လက်ဝှေ့တက်လှမ်းနိုင်ရေးဖြစ်သောကြောင့် အနီးစပ်ဆုံး ၂၀၁၁ ဆီးဂိမ်းတွင် အောင်မြင်ရေးပြင်ဆင်ရင်း၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဆောင်ရွက်မည့် ၂၀၁၃ ဆီးဂိမ်းအတွက် အခြေခံကောင်းများ တည်ဆောက်ရင်းမှ ယခုစတင် ပျိုးထောင်လိုက်သော အသက် ၁၃နှစ် အရွယ်လူငယ်များသည် လာမည့် ၁၀နှစ်တွင် တိုင်းပြည်က အားကိုးရသော လက်ဝှေ့သမားကောင်းများဖြစ်လာ စေရန်အတွက်ပါ ရည်ရွယ်သော ၁၀နှစ် နှစ်ရှည် စီမံကိန်းပင် ရှိနေသည်။ ထိုအတွက်လည်း အမြင့်ဆုံး ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်သကဲ့သို့ အောက်ခြေရပ်ကွက် လက်ဝှေ့ ကလပ်အသင်းအထိလည်း မျက်ခြည် မပြတ် စောင့်ကြည့်ရေးစီမံကိန်း ရေးဆွဲ ထားသည်။

ဝင့်ထည်နိုင်

ထိုကဲ့သို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ တက်ကြွစွာ လုပ်ဆောင်ကြိုးပမ်းနေမှုများကို တွေ့မြင်ကြားသိရသည့်အခါ “ရောက်လာမယ့်အခြေအနေနဲ့ ကိုက်ညီအောင် ပြင်ဆင်ထားနိုင်သူတွေသာ အသက်ရှင်ရပ်တည်ကျန်နိုင်တယ်” ဆိုသည့်စကားကို သတိရမိသည်။ တစ်ချိန်က အရှေ့တောင်အာရှတွင်သာမက ကမ္ဘာ့အိုလံပစ်အဆင့်သို့ပါ ဝင့်ထည်နိုင်ခဲ့သော မြန်မာ့လက်ဝှေ့အားကစားသည် ရောက်လာမည့် အခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်နိုင်မှု အားနည်းခဲ့သည်နှင့်အမျှ ကျဆင်းခဲ့ရသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ ကြိုးပမ်းလုပ်ဆောင်မှုက ရောက်လာမည့်အခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်နေပြီဟု ဆိုရပါတော့မည်။ ။

(မြန်မာ့အလင်း)

သွားရောက်ယှဉ်ပြိုင်

ဘာဘေးဒိုးနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့သမားများကို ပို့ဆောင်သူများနှင့် ရန်ကုန်လေဆိပ်တွင် တွေ့ရစဉ်။

မွေးနေ့ဆုတောင်း

၃-၉-၂၀၁၀ရက်တွင် ကျရောက်သော **ချစ်ဇနီး မသေူအောင်**၏ မွေးနေ့မှသည် နှစ်(၁၀၀)တိုင် ခင်ပွန်းသည်နှင့်အတူ အောင်မြင်ပျော်ရွှင်မှုများ ရရှိပါစေ-

ချစ်ခင်ပွန်း ကိုငွေစိုးသောင်း

မွေးနေ့ဆုတောင်း

၃-၉-၂၀၁၀ ရက်တွင် ကျရောက်သော **မမေသူအောင်**၏ မွေးနေ့ ရက်မြတ်မှသည် သက်ထက်ဆုံးတိုင် စိတ္တသုခ ကာယသုခ နှစ်ဖြာသော သုခဖြင့် ပြည့်စုံပြီး မိသားစုနှင့် အတူတကွ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်…

မမဥ္ဇူကိုကို။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်မေတို့၏သားကြီး

မောင်သက်မိုးဆွေ I.M.T (CD-32) 2nd mate (F.G)

နှင့်

ရန်ကုန်မြို့နေ ဦးဇော်ဝင်း (Second Officer, Monsoon Maritime Service Pte.,Ltd.)-ဒေါ်နွယ်နွယ်အေးတို့၏ တစ်ဦးတည်းသောသမီး

မမြတ်သီရိဇော် (B.Pharm)

အလုပ်ရုံစုမှူး၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ

တို့သည် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

သက်မိုးဆွေ-မြတ်သီရိဇော်။

လူပျောက်ကြော်ငြာ

မောင်ငါချင် အသက်(၁၅)နှစ် အရပ် ၅ပေ ၅လက်မခန့် စိတ်မနှံ့သူ ချင်းလူမျိုးသည် ၃၀-၈-၂၀၁၀ရက် နံနက် ၆း၃၀နာရီခန့်တွင် သဃ်န်းကျွန်းမြို့နယ် ဘီအိုစီမှတ်တိုင်အနီး၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်လိပ်စာ-

အမှတ် ၁၂၁/ခ၊ ရတနာပုံလမ်း၊ (၁၁)ရပ်ကွက် လှိုင်သာယာမြို့နယ်

ဖုန်း-၀၉-၅၀၄၄၈၆၄၊ ၆၄၅၁၅၃။

လူပျောက်ကြော်ငြာ

ကျွန်မ၏သား ဗိုလ်တေဇ (အလက) မုဒုံမြို့ကျောင်း ဆဋ္ဌမတန်း(အောင်)မှ မောင်မျိုးသူဟိန်း အသက်၁၄နှစ်၊ အသားညို၊ အရပ် ၄ ပေ ၆လက်မ၊ နဖူးတွင်မှဲ့ရှိသည် ၃-၅-၂၀၁၀ရက်တွင် နေအိမ်မှ ဈေးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

ဒေါ်သက်သက်ဝင်း

၁၀/မဒန(နိုင်) ၁၃၁၉၇၅

ပိတောက်ရွှေဝါ ၄လမ်း၊

ရွှေဟင်္သာဂေါက်ကွင်းအနီး

အမှတ် ၂၁၊ မြို့မ ၄ ရပ်ကွက်၊

မုဒုံမြို့၊ ဖုန်း-၀၅၇-၇၀၉၈၄။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်ခိုင်ဇင်၏ 3/E CoC CERTIFICATE နှင့် MEDICAL FIRSTAID လက်မှတ်များ ၃၀-၈-၂၀၁၀ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၉၆၆၀၈၊၀၉-၅၁၃၁၁၈၄၊၀၁-၆၆၂၀၂၇။

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဦးတင်ထွန်း ၁၀/ခဆန(နိုင်)၀၀၁၀၁၃နှင့် ဒေါ်ရွှေကြည် ၁၀/ခဆန(နိုင်)၀၀၀၉၈၀တို့က မလှလှဆိုင် ၁၀/မလမ(နိုင်)၁၇၀၃၉၄သို့ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၌ ၂၀-၁၁-၂၀၀၉ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်၂၀၅/၂၀၀၉အား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ထွန်း ၁၀/ခဆန(နိုင်)၀၀၁၀၁၃

ဒေါ်ရွှေကြည် ၁၀/ခဆန(နိုင်)၀၀၀၉၈၀။

သင့်သွေးဖြင့် အသက်ကယ်ပါ

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများ ရန်ကုန်ကလေးဆေးရုံကြီးသို့ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂

နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်သော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများ ရန်ကုန်ကလေးဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ရက် မွန်းလွဲ ၂နာရီတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကာကွယ်ပေးနိုင်

အခမ်းအနားတွင် နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်နိုင်က ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးသည် ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် 0112 Y 009469 ဖြင့် ထုတ်လုပ်ခွင့်ရရှိထားကြောင်း၊ သဘာဝစပါးလင် ဆီမွှေးကို အခြေခံ၍ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော စနိုးဖြစ်ကြောင်း၊ မွေးကင်းစအရွယ်မှ အိုမင်းသည့် အရွယ်ထိ ခန္ဓာကိုယ်အကာအကွယ်မဲ့နေရာတိုင်းတွင် လိမ်းထားရုံဖြင့် ခြင်နှင့်ပိုးမွှားများ ကိုက်ခြင်းမှ လုံးဝကာကွယ်ပေးကြောင်း၊ အသားအရေကို ထိခိုက်စေသော ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးများ လုံးဝမပါ၍ အန္တရာယ်ကင်းစွာ လိမ်းနိုင်ရုံသာမက အသားအရေကို ချောမွေ့စေကြောင်း၊ စွန်းထင်းခြင်း မရှိသည့်အတွက် ဝတ်ဆင်ထားသည့် အဝတ်အစား၌ပါ သုတ်လိမ်းထားခြင်းဖြင့် ခြင်အန္တရာယ်မှ ကာကွယ်နိုင်ကြောင်း၊ ခြင်နိုင်မင်းသည် စနိုးဖြစ်၍ လိမ်းထားရုံဖြင့် ခြင်အန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း၊ ခြင်အန္တရာယ်မှ ကင်းဝေးစေသည့်အတွက် ကျန်းမာရေးကို အထောက်အပံ့ပြုပြီး စာပေသင်ကြားခြင်းနှင့် လုပ်ငန်းဆောင်တာများကို နှေးညမရွေး အာရုံစူးစိုက်ဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း၊ ဝယ်ယူသုံးစွဲရာတွင်လည်း ကုန်ကျစရိတ် အလွန်သက်သာကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် နဂါးနှစ်ကောင် တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများကို ဦးကျော်နိုင်က ပေးအပ်လှူဒါန်းရာ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီးဒေါက်တာဦးအောင်ကြည်ဝင်း(ဝဲပုံ)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ရန်ကုန်ကလေးဆေးရုံကြီးသို့ လှူဒါန်းသော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးမှာ ငွေကျပ် ၁၀သိန်းဖိုးဖြစ်ကြောင်း သိရသည်။

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးသည် အသုံးပြုရန်နှင့် သယ်ယူသိမ်းဆည်းရန် လွယ်ကူပြီး တရားစခန်း တရားထိုင်သူများ၊ ကလေးငယ်များရှိသည့် ပရဟိတဂေဟာများ၊ နေ့ကလေးထိန်းဌာနများ၊ စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ စသည်တို့သို့ လှူဒါန်းလိုသူများနှင့် ကိုယ်စားလှယ်အဖြစ် တစ်ဆင့်ဖြန့်ဖြူးလိုသူများ၊ ဝယ်ယူအသုံးပြုလိုသူများသည် နဂါးနှစ်ကောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အမှတ် ၇၇၆ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းအနီး) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၃၉၆၀၊ ၂၂၅၇၆၁၊ ၂၁၁၃၅၇နှင့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဖုန်း-၀၆၇-၇၀၂၆၆တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်ညွှန်မှူး တွံတေး-မအူပင်ကားလမ်း လမ်းအူကြောင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ်သည် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် စည်ပင်သာယာရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ဘက်ခြမ်းရှိ တွံတေးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်သို့ ဆက်သွယ် ဖောက်လုပ်မည့် ခရိုင်ချင်းဆက်လမ်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အပိုင်း၏ လမ်းအူကြောင်း ရှာဖွေရန် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းတွံတေး-မအူပင်ကားလမ်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် တွံတေး-ကွမ်းခြံကုန်း လှိုင်သာယာလမ်း၏ မိုင်တိုင်အမှတ် ၉မိုင် ၂ဖာလုံအနီး တွံတေးကြိုးတံတားအနီးမှဖြတ်သန်း၍ ခတ္တိယတံတားအထိ လမ်းအရှည် ၁၅မိုင် ၂ဖာလုံရှိသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ထိန်းသိမ်းထားသော မြဂိုးကျေးရွာမှ ခတ္တိယ တံတားအထိ အရှည် ၆ မိုင် ၇ မိုင်ဖာလုံကိုလည်း ရာသီမရွေးသွားလာနိုင်ရေးအတွက် ကတ္တရာလမ်းသားအသစ် အဆင့်မြှင့်တင်၍ ယခုဖောက်လုပ်ရမည့် လမ်းသစ်နှင့် ဆက်သွယ်ကာ တွံတေးတံတားအနီး လှိုင်သာယာ-ကွမ်းခြံကုန်း ကတ္တရာလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည် ဖြစ်သည်။ မူလ ရန်ကုန်-ပုသိမ်ကားလမ်းမှ တစ်ဆင့် မအူပင်သို့ သွားလာနေရာမှ ဖြတ်လမ်းအဖြစ် လှိုင်သာယာ-တွံတေး-မအူပင်ထောင့်ဖြတ်လမ်း သဖွယ်သုံးကာ ယခင်အကွာအဝေးထက် ၁၅ မိုင်ခန့် သက်သာလွယ်ကူစွာ သွားလာနိုင်တော့မည် ဖြစ်သည်။ **(သတင်းစဉ်)**

Automobile, Living Products & Education Show မန္တလေးမြို့ မြို့တော်ခန်းမ၌ပြသမည်

ရန်ကုန် စက်တင်ဘာ ၂

CONQUEST ROGANIZING GROUP နှင့် MYANMAR ENGINEERING SOCIETY (MDY) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Automobile, Living Products & Education Show ပြပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ နေ့စဉ်နံနက် ၉နာရီမှ ည ၇နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပါဝင်ပြသ

ပြပွဲတွင် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်သုံး အပိုပစ္စည်းများ၊ စက်သုံးဆီများ၊ ဘက်ထရီများ၊ ကားတာယာများ၊ ကားအလှဆင်ပစ္စည်းများ၊ Electronic ပစ္စည်းများ၊ နောက်ဆုံးပေါ် IT ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်း အလှဆင်လုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည့် ပြခန်းပေါင်း ၁၀၀ကျော် ပါဝင်ပြသမည်ဖြစ်သည်။

CONQUEST ROGANIZING GROUP သည် ၂၀၁၀ ခုနှစ် ဇွန်လအတွင်း ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် အကြီးမားဆုံး ကားပြပွဲဖြစ်သည့် Automobile & Living Products & Show ပြပွဲကြီးကို ပြသခဲ့ရာ ပြပွဲလာပရိသတ်များဖြင့် အထူးစည်ကားခဲ့ပြီး ပါဝင်ပြသသည့် ကားကုမ္ပဏီများ ကားစီးရေ ရာနှင့်ချီ၍ ရောင်းချနိုင်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး)၏ နှစ်ပတ်လည် အခမ်းအနားနှင့်အတူ အထက်မြန်မာပြည်ပရိသတ်များ၏ တောင်းဆိုမှုဖြင့် Automobile, Living Products & Education Show ကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရခြင်းဖြစ်သည်။

တင်သွင်းရောင်းချ

ယခုပြသမည့်ပြပွဲတွင် Super Seven Star မှ ထုတ်လုပ်သည့် ကားများ၊ Three Friends ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသည့် ခြင်ဖမ်းစက်၊ ကြွက်ပြေးစက်၊ အဝတ်ခြောက်စက်များ၊ Mitsubishi အမှတ် တံဆိပ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဓာနည် ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော အီလက်ထရွန်နစ် ပစ္စည်းများ၊ Myanmar Kowa Co.,Ltd. မှ တင်သွင်းရောင်းချသော Rinnai အမှတ်တံဆိပ်ဂက်စ်မီးဖိုများ၊ ဟန်စိန်သန့်ကုမ္ပဏီမှ ထုတ်လုပ်သော ရေစုပ်စက်၊ ရေပန့်နှင့်မော်တာများ၊ Royal Lubricants ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော Nano Energizer အမှတ်တံဆိပ် ထုတ်ကုန်များ၊ ရွှေမန္တလေးကုမ္ပဏီမှ တင်သွင်းသည့် Alpha အမှတ်တံဆိပ် ချောဆီပြခန်းများ ပါဝင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပြပွဲတွင် ပါဝင်ပြသလိုသည့် လုပ်ငန်းရှင်များသည် CONQUEST ROGANIZING GROUP အမှတ်၁၂ ဒုတိယထပ် ခေမာလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၁၄၃၉၊ ၀၉-၅၀-၈၄၇၃၄နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး) ရွှေဖြူပလာဇာ ဒုတိယထပ် ၃၃လမ်း ၇၇ နှင့် ၇၈လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၆၉၃၂၈၊ ၀၉-၂၀၀၁၈၇၄၊ ၀၉-၂၀၂၂၆၃၁၊ ၀၉-၂၀၀၃၀၇၄နှင့် ၀၉-၅၀-၁၅၈၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေပုလ္လင်

နန်းကြီးသုပ်

အရမ်း ကောင်း ဆို ပဲ !

တွေ့ ကြ ရ အောင် "ရွှေပုလ္လင်" မှာ . . .

Scarlet RESTAURANT Dimsum. Coffee

Special Promotion ! 6,000 Ks. Per set

Mini Dimsum Set (2) Pork Free

Open Daily : 6 am - 6 pm "ဟံသာဝတီလမ်းမသစ်ကြီး" ပေါ်တွင်တည်ရှိသည်။ Open Daily : 7 am - 10 pm

☎ : 538 736, 527 850

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မုံရွာခရိုင်တရားရုံး

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်

ဦးခင်မောင်ဆန်း	**နှင့်**	၁။ ဒေါ်တင်သန်းမြင့်
အမှတ်(၆)လမ်း၊ ရတနာပုံရပ်		၂။ ဒေါ်သန်းသန်းနိုင်(အတူနေသမီး)
မုံရွာမြို့။		၃။ ဒေါ်စန်းစန်းခိုင်(အတူနေသမီး)
တရားလို		**တရားပြိုင်များ**

ဒေါ်တင်သန်းမြင့်၊ ဒေါ်သန်းသန်းနိုင် (အတူနေသမီး)၊ ဒေါ်စန်းစန်းခိုင် (အတူနေသမီး)၊ အောင်သပြေသီးနှံပွဲရုံ၊ ယွန်းကျောင်းလမ်း၊ ဆူးလေကုန်းရပ်၊ မုံရွာမြို့ (ယခင်နေရပ်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဦးခင်မောင်ဆန်းက အတိုးမဲ့ချေးငွေကျပ်သိန်း (၅၀)တိတိရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၃ရက် (၁၃၇၂ခုနှစ် တော်သလင်းလဆန်း ၅ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ပါသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချိုချိုရီ
ဒုတိယခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး။

idio

100% COTTON

FASHION အထည်ဆိုင်ဖွင့်လှစ်ခြင်း

idio Fashion အထည်ဆိုင်တွင် V.I.P, Excel, Peri အမှတ်တံဆိပ် အထည်များ ရောင်းချပေးနေပါပြီ

Ph:01-722619

TAXI ရောင်းမည်

Daewoo Racer အ/၅---ထောင်ကျော်၊ ခုတ်ဆီ 91 မော်ဒယ် 5.A 3Eng ဖင်ကောက်တန်း၊ ကျပ်သိန်း၁၁၀ (ညှိနှိုင်းဈေး)။ **ဖုန်း-၀၉-၅၁၇၆၇၀၇။**

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ကြည့်မြင်တိုင်မြို့နယ် တရားမရုံး၌
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၃၈/၃၉

ဒေါ်ကြည်မြ	**နှင့်**	ဒေါ်ကျင်ဟုန်
တရားလို		**တရားပြိုင်**

အမှတ် ၁၅/၁၇၊ ဦးဝိစ္စာလမ်း၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) ဒေါ်ကြည်မြ သိစေရမည်။

အထက်အမည်ပါ တရားပြိုင်က သင်အမှုပိတ်သိမ်းခဲ့သည်ကို မကျေနပ်၍ ပြင်ဆင်မှုတင်သွင်းခဲ့ရာ အနောက်ပိုင်းခရိုင်တရားရုံး၏မ/ပြင် ၇/၈၏ ၁၄-၆-၂၀၁၀ရက်စွဲပါ အမိန့်ရ ဤအမှုနှစ်မှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ပါသဖြင့် သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၀ရက် (၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင် ဖြစ်စေ၊ နေရာတကျ ကြားပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၀ခုနှစ် ဩဂုတ်လ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းဆွေ
မြို့နယ်တရားသူကြီး
ကြည့်မြင်တိုင်မြို့နယ်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၁၅၂၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၉/ကပတ(နိုင်)၀၂၆၆၉၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ မြင်းခြံမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၅၂၇၇၅ ကမ်ဘို KB-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ရွှေ ၈/စလန(နိုင်)၀၉၂၁၇၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ မင်းဘူးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၁၀၃၉၅၁ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းဦး ၈/ရနခ(နိုင်)၀၂၇၈၀၇ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းရုံး)၊ မကွေး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၆၄/က၊ မြေကွက်တည်နေရာ ၆၄(က)၊ သုဒဿန(၁)လမ်း၊ (၁၆/၂)ရပ်ကွက် ဦးထွန်းရင် ၁၂/သဃက (နိုင်) ၀၂၀၂၀၁ အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးထွန်းရင်-မိခင်ဒေါ်စန်းကြည် ကွယ်လွန်သဖြင့် (၁)ဒေါ်သင်းသင်းခိုင် ၁၂/သဃက(နိုင်)၀၂၀၀၃၅၊ (၂) ဒေါ်တင်လှဲလှဲ၁၂/သဃက(နိုင်)၁၇၇၆၅၂၊ (၃)ဒေါ်ယမင်းမမဆွေ ၁၂/သဃက(နိုင်) ၁၇၇၆၅၁တို့က သမီးများတော်စပ်ကြောင်း ကိုမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ဘော်လီဘောနည်းပြဆရာဆွေးနွေးပွဲ သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂

အားကစားဝန်ကြီးဌာန အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဘော်လီဘောနည်းပြဆရာဆွေးနွေးပွဲ သင်တန်းဆင်းပွဲ (Ministry of Sport Asian Volleyball Comfederation and Myanmar Volleyball Federation Technical Seminar Closing Ceremony) ကို ဩဂုတ် ၂၉ရက် ညနေ၅နာရီက ရန်ကုန်မြို့ရှိ ဂိုးဟိုတယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် နည်းပြဆရာများ တက်ရောက်ကြသည်။

နှုတ်ဆက်စကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ပြည်ပနည်းပြဆရာProfessor Chang က နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်(ဝဲပုံ)က သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်ပြီး မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြည်ပနည်းပြဆရာ Professor Chang အား အမှတ်တရလက်ဆောင်ကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ အမှတ် ၃၆/ဘီ ဗဟိုလမ်း သုခလမ်းသွယ် အောင်ချမ်းသာရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဆရာမကြီး ဒေါ်ခင်လှလှ(တက္ကသိုလ်များ အင်္ဂလိပ်စာ) မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် တာဝန်ရှိသူများက လက်ခံယူစဉ်။

(ဖောင်ဒေးရှင်း)

စာကြည့်တိုက်များစံ(၅)ရပ်နှင့်ညီရေး
ပန်းတနော်၌ ကွင်းဆင်းစစ်ဆေး

ပန်းတနော် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း ဩဂုတ် ၁၇ရက်က မအူပင်ခရိုင် ပန်းတနော်မြို့သို့ရောက်ရှိပြီး မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး တိုင်းဒေသကြီး ဦးစီးမှူးသည် မအူပင်ခရိုင်ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်တို့လိုက်ပါလျက် ကဇင်ငူကျေးရွာအုပ်စု ရွာသစ်ကျေးရွာ သုတဥယျာဉ်စာကြည့်တိုက်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ တိုင်းဒေသကြီး ဦးစီးမှူးသည် ကျေးရွာစာကြည့်တိုက်ကို စံ (၅)ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်ဆောင်ရွက်ရန် ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များအား ဆွေးနွေးမှာကြားသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝမ်းတွင်းဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေငုတ်များနှင့် မီးသတ် ရေလှောင်ကန်များ စနစ်တကျဆောင်ရွက်ထားရှိမှုအခြေအနေကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး မြင်းခြံ၌ဆောင်ရွက်

မြင်းခြံ ဩဂုတ် ၃၀

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့် ဦးဆောင်၍ မီးသတ်ဌာနမှ ခရိုင်ဦးစီးအရာရှိ၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်မှူးတို့သည် ဇူလိုင် ၉ရက်က ဈေးများမီးလောင်ဆုံးရှုံးမှုမရှိစေရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများ၊ အဖွင့်အပိတ်မီးခလုတ်များ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေလှောင်ကန်များ၊ အသင့်ထား အပေါ့စားမီးသတ်စက်များ၊ သဲပုံး၊ ရေပုံး၊ မီးချိတ်မီးကပ်များကို စစ်ဆေးပြီး မြို့မဈေး တာဝန်ခံရုံးတွင် ဈေးကော်မတီများ၊ ဈေးသူဈေးသားများ စုစည်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များကို ပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အရှေ့တောင်အာရှသာမက ကမ္ဘာ့အဆင့်သို့ပါ တက်လှမ်းနိုင်ရေး ကြိုးပမ်းစွမ်းဆောင်နေသော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်

➢ ဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ဇင်လင်းထွန်း(နေပြည်)

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် (Myanmar Boxing Federation) ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ရက်မှ ၂၇ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပခဲ့သည်။ ယခုပြိုင်ပွဲသည် ၆-၆-၂၀၁၀ ရက်မှ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ လက်ဝှေ့ အဖွဲ့ချုပ်၏သက်တမ်းတွင် ပထမဆုံးအကြိမ်ကျင်းပသော ပြိုင်ပွဲဖြစ်သည်။



ပိုမိုတက်ကြွ

ပြိုင်ပွဲဖွင့်ပွဲကို နာမည်ကျော် အနုပညာရှင်များ ပါဝင်သည့် စင်တင်တေးဂီတ ဖျော်ဖြေမှုများဖြင့် ခမ်းခမ်းနားနား ဖွင့်လှစ်ခဲ့သည့်နည်းတူ ဆုပေးပွဲတွင်လည်း ဖွင့်ပွဲနှင့်မခြား ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၏ ပြိုင်ပွဲကာလ တစ်လျှောက်လုံး အချိန်ပြည့် ကြည့်ရှု အားပေးဂရုစိုက်မှုကလည်း ပြိုင်ပွဲဝင် လက်ဝှေ့သမားများနှင့် ပြိုင်ပွဲတွင် တာဝန် ထမ်းဆောင်ကြသည့်သူများ အတွက် စိတ်ပိုင်းဆိုင်ရာ ပိုမိုတက်ကြွစေပါသည်။

ရုပ်ပိုင်းဆိုင်ရာအရလည်း ပြိုင်ပွဲဝင် အားကစားပစ္စည်းများ (ဖိနပ် အစ၊ လက်အိတ်အလယ်၊ ခေါင်းကာအဆုံး) အားလုံး သစ်လွင်နေသကဲ့သို့ တာဝန်ထမ်းဆောင်ကြသည့် ဒိုင်လူကြီးအားလုံးကလည်း နိုင်ငံတကာအဆင့်မီ ဒိုင်ဝတ်စုံများဖြင့် တက်ကြွဝင့်ကြွားလျက်ရှိနေကြသည်။ ဆုကြေးချီးမြှင့်မှုအပိုင်းတွင်လည်း ယခင်က ပထမဆုရရှိသူပင် ကျပ်တစ်သောင်း မပြည့်ခဲ့ရာမှ ယခုပြိုင်ပွဲ၌ ပထမဆု ကျပ် တစ်သိန်း၊ ဒုတိယဆု ကျပ် ငါးသောင်း၊ တတိယဆု ကျပ် သုံးသောင်းစီ ချီးမြှင့်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်ကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ပြည်တွင်းနှင့် နိုင်ငံတကာသတင်းအညွှန်း

'ရေနေနို့တိုက်သတ္တဝါ ရေဝက်မျိုးစိတ် ပုသိမ်မြို့နယ် ရွှေသောင်ယံ၌တွေ့ရှိ'

(စာ-၆)

မြင့်မောင်စိုး၏ 'စေတန်ဂြိုဟ်နှင့်တူသည့် ကမ္ဘာကြီးနှစ်လုံး တွေ့ရှိ'

(စာ-၁၀)

ထူးကဲဒီရေ သတိပေးချက်ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၂

၂၀၁၀ခုနှစ် စက်တင်ဘာ ၇ရက်မှ ၁၃ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၅ပေခန့်မှ ၂၁ ဒသမ ၇ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ဒသမ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။

(သတင်းစဉ်)